# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ သောကြာနေ့။ Friday, 4 October 2024 ၁၁၆၀၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပန်းလောင်မြစ်ကြောင်းတစ်လျှောက်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်၊ ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

နေပြည်တော် အောက်တိုဘာ ၃

မြန်မာနိုင်ငံအနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းမှစ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခြင်းနှင့် အချို့သောဒေသများတွင် ဒေသအလိုက် နေရာကွက်ကျား မိုးကြီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




ကူညီကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

## ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းမှုနှုန်းထားများ စနစ်တကျ လိုက်နာရန်လိုအပ်



နေပြည်တော် အောက်တိုဘာ ၃

ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သော မိုးစပါးစိုက်ဧရိယာများတွင် ရေပြန်လည်ကျဆင်းပြီးနောက် ထိခိုက်ခဲ့သော စပါးခင်းများအား ပြန်လည်ကုစားရန် အတွက် မြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာများ ထည့်သွင်းခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် ကြို့ပင် ကျေးရွာအုပ်စု မိုးစပါးဧက ၁၀၀၀၌


စာမျက်နှာ ၅ ကော်လံ ၁ သို့ ○


**ယနေ့ ဖတ်စရာ**


**အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက**

ဆောင်းပါး စာမျက်နှာ » ၆

**ကျောင်းဆရာဆိုတာ နိုင်ငံကာကွယ်ရေးမှာလည်း တာဝန်ရှိသူများပါ**

ဆောင်းပါး စာမျက်နှာ » ၁၀

**ပြည်ပဈေးကွက်ဝင် မြန်မာ့ပနားမီး ပုစွန်ဖြူ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ တင်ပို့**

စာမျက်နှာ » ၁၉



ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၄)ရက်မြောက်နေ့ ကောက်ယူနေပါသည်။

ကြေးမုံ

# သဘာဝဘေးအန္တရာယ် အစဉ်အမြဲအသိသတိရှိ

ပြီးခဲ့သည့်လအတွင်းက တိုင်ဖွန်းမုန်တိုင်း "ရာဂီ" ၏အရှိန်သက်ရောက်မှုကြောင့် ရေကြီးရေလျှံသဘာဝဘေးအန္တရာယ်များ မြန်မာနိုင်ငံတစ်ဝန်း၌ ကြီးကြီးမားမား ကြုံတွေ့ခံစားခဲ့ကြရသည်။ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၊ ပြည်သူများက အလျင်အမြန် တစ်တပ်တစ်အား ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအချိန်ကာလ၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာလ ၂ ရက်နေ့ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကရတ်သွန်"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း မြန်မာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု အသိပေးထားသည်။

လက်ရှိတွင် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်မှုများ အသိပေးထားသည့်အတိုင်း ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ပြီးခဲ့သည့်လအတွင်းက မိုးသည်းထန်မှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်နိုင်သည့်အခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်အသိပေးထားသော်လည်း ဒေသခံပြည်သူများအနေဖြင့် ဖြစ်လာလိမ့်မည်ဟု ထင်မထားခြင်း၊ ညအချိန်တွင် ဖြစ်ပေါ်လာခြင်းတို့ကြောင့် ထိခိုက်ဆုံးရှုံးမှု များပြားခဲ့ခြင်းဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် မုန်တိုင်းမဖြစ်ပေါ်သော်လည်း ပတ်ဝန်းကျင်မှ အပူပျံ့တက်တိမ်များ၊ လေနွေးများ၊ လေဖိအားကြီးရပ်ဝန်းဒေသမှ လေအေးများနှင့် တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်း အကြွင်းအကျန်များကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် အောက်တိုဘာလ ၆ ရက်နေ့အထိ မိုးထစ်ချုန်းရွာသွန်းမှု အခြေအနေများရှိနေသည်။ ထို့ကြောင့် ပြီးခဲ့သည့်လအတွင်းက ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုအခြေအနေများကို သင်ခန်းစာယူကာ ယခုဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင် အသင့်ပြုလုပ်ထားရမည်ဖြစ်သည်။ ပထမအကြိမ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့ရသည့် အခြေအနေများတွင် မြစ်ချောင်းမြောင်းများ တိမ်ကောလာခြင်းကြောင့် ရေကြီးရေလျှံမှု ပိုမိုဖြစ်ပေါ်စေခဲ့သည်။

သစ်တောသစ်ပင်များ လျော့နည်းလာမှုကြောင့် မြေဆီလွှာထိန်းသိမ်းမှု အားနည်းခြင်းလည်းပါဝင်သည်။ အရှိန်အဟုန်ဖြင့် စီးဆင်းလာသော တောင်ကျချောင်းရေ အသွယ်သွယ်တို့သည် ရေကြီးရေလျှံဖြစ်ပေါ်မှုကို ပိုမိုအားကောင်းစေသည်။ မြေသားတောင်များသည် မိုးရွာသွန်းမှု ကြာရှည်လာသောကြောင့် ရေနူး၊ ရေဝပြီး တောင်ပြို၊ မြေပြိုကျမှုလွယ်ကူလာသည်။ အမှိုက်သရိုက်၊ သစ်အပိုင်းအစသစ်လုံးများကို စနစ်တကျမထားရှိခြင်း၊ မြစ်ချောင်းမြောင်းများ တိမ်ကောခြင်းနှင့် ရေစီးလမ်းကြောင်းများအရှိန်ကောင်းမှုနှင့် ကျယ်ပြန့်လာမှုတို့ကြောင့် ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်သည့်အခါ ကြိုတင်ရှောင်ရှားနိုင်ခြင်းမရှိဘဲ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ များပြားလာခြင်းဖြစ်သည်။ အဆိုပါအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲများက သင်ခန်းစာယူ သုံးသပ်အသိပေးပြောကြားခဲ့ပြီးဖြစ်သည်။


ပြီးခဲ့သည့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အရှိန်အဟုန်ဖြင့် လျင်လျင်မြန်မြန် ဆောင်ရွက်လျက်ရှိသည်။ လက်ငင်းချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပြီး ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုတင်လမ်းညွှန်မှာကြားစီစဉ်နေပြီဖြစ်သည်။ ပြည်တွင်းမှ ငွေအင်အား၊ လူသားအရင်းအမြစ်အင်အားများဖြင့် အစွမ်းကုန်လုပ်ကိုင်လျက်ရှိသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကို ရှောင်ရှားနိုင်ရန်မှာ မလွယ်ကူသော်လည်း ရေရှည်စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ မိုးလေဝသသတင်းများကို အစဉ်အမြဲအလေးထားမှတ်သားမှုများဖြင့် ယခုဖြစ်ပေါ်နေသော ရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်သည့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းတို့ကို သတိပြုကြရန်နှင့် ကုန်းမြင့်ဒေသနှင့် ကုန်းအောက်ဒေသတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ ရေစီးဆင်းမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်အနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်များကို အသိသတိဖြင့် ရှောင်ရှားနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်




နေပြည်တော် အောက်တိုဘာ ၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့(150 YEARS of the UPU) အထိမ်းအမှတ်အဖြစ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို အောက်တိုဘာ ၉ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ အောက်တိုဘာ ၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၂၉၈ | ၂,၅၉၂,၆၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၂,၄၉၇ | ၈,၇၃၉,၅၀၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၃၅၈ | ၆၈၀,၂၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃၀၆ | ၈၄၁,၅၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၆၂၃ | ၁,၀၅၉,၁၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၂,၅၃၉ | ၈,၇၅၉,၅၅၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား အောက်တိုဘာ ၃

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ငါးအိုးခေတ်မီစံပြကျေးရွာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေကျပ် ၁၀ သန်းဖြင့် ပေါင်းစည်းလယ်ယာ (Integrated Farm) စနစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်သူ ဦးဆင်ဝါးနော်၏ ခြံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

ထို့နောက် အဆိုပါ ခြံဝင်းအတွင်း ဆင်းဇေကရီ-၃ အထွက်တိုးမျိုးနှင့် ငွေတိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု၊ စပါးခင်း ပတ်လည်ရေမြောင်းအတွင်း ငါးခူငါးမျိုးများ စိုက်ထည့်မွေးမြူထားရှိမှု၊ မန်ဒါလီဘဲ၊ ဘဲငန်းနှင့် ဒေသကြက်များ မွေးမြူထားရှိမှု၊ အသားတိုးဝက်ကောင်ရေ ၉၀ ကျော် စီးပွားဖြစ်မွေးမြူထားရှိမှုနှင့် ခြံဝင်းအတွင်း လိုက်ချီးသီး ပင်ပေါက်များနှင့် ဂရိတ်ဖရုပျိုးပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေး အထောက်အကူပြုဆေးဝါးများ၊ ခြံဖျန်းပိုးသတ်ဆေးဘူးများနှင့် ရောစပ်အစာနုအိတ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အဆိုပါကျေးရွာအတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးထပ် လယ်သီးနှံအဖြစ် ဖြန့်ဝေပေးနိုင်ရေး ပဲပုပ်မျိုးစေ့စိုက်ခင်း စိုက်ပျိုးထားရှိမှုနှင့် တောင်သူ ဦးစိုးညွန့်အောင်၏ ခြံ၌ ဖူးစားပြောင်း နှစ်ဧကခွဲ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုတို့ကိုလည်းကောင်း၊ ရွှေညောင်ပင်ရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင် ဦးစိုးငြိမ်းမိသားစု၏ စူပါဝမ်းနို့စားနွားမွေးမြူရေး လုပ်ငန်းနှင့် နို့နှင့် နို့ထွက်ပစ္စည်း အမျိုးမျိုး ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းကို လည်းကောင်း၊ စီတာပူ(ဆွတ်ငိုင်တောင်) ရပ်ကွက်အတွင်း ပိုင်ရှင် ဦးမရမ်ဇော်ရော် မိသားစု၏ TOP အသင့်စားစားသောက်ကုန်လုပ်ငန်း (အသားခြောက်အမျိုးမျိုးနှင့် ဝိုင်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း)ကို လည်းကောင်း သွားရောက်ကြည့်ရှုစျေးကွက်ရှိပြီး ဒေသထွက်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို မေးမြန်းဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ဥပဒေအသိပညာ ပြန့်ပွားရေး၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဒေသတွင်း တည်ငြိမ်အေးချမ်းစွာ ကောက်ယူနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဆွမ်ပရာဘွမ်လမ်းမကြီးဘေးရှိ ပြည်နယ်တရားလွှတ်တော်ရုံးသစ် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

ထို့ကြောင့် ပန်းလောင်မြစ်အထက်ပိုင်းဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုများဖြစ်ပေါ်ခဲ့ရာ ပန်းလောင်မြစ်အထက်ပိုင်းရှိ တောင်ကျချောင်းရေများစီးဆင်းမှုကြောင့် အောက်တိုဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ပန်းလောင်မြစ်၌ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါမြစ်ဘေးတစ်လျှောက် ကျေးရွာများဖြစ်သည့် ရွာခိုင်ကြီးကျေးရွာ၊ အိမ်ရှေ့တောင်ကျေးရွာ၊ ကဆွန်ကျေးရွာ၊ မြစ်ဆုံကြီးကျေးရွာ၊ ရွှေပေါက်ကျွန်းကျေးရွာတို့တွင် မြစ်ရေလေးပေခန့်၊ မြစ်သားမြို့ ကျွန်းတောရပ်ကွက် မြို့မ(အရှေ့/အနောက်)နှင့် ဘူတာရပ်ကွက်၊ မြစ်သားမြို့နယ် ကျွန်းလှကျေးရွာ၊ မရုက်ကျေးရွာ၊ နွားကူးလေးကျေးရွာ၊ လောင်းတော်ဦးကျေးရွာ၊ ရွာမုန်းကြီးကျေးရွာ၊ ယွေးကျေးရွာနှင့် လက်ပံဆိပ်ကျေးရွာ၊ အုန်းကုန်းကျေးရွာတို့တွင် မြစ်ရေ ငါးပေခန့်၊ မြစ်သားမြို့ မင်းကုန်းရပ်ကွက်၊ ရှမ်းပွဲရပ်ကွက်၊ ရွှေသူဌေးရပ်ကွက်နှင့် အုပ်ရှစ်ကုန်းရပ်ကွက်များတွင် မြစ်ရေသုံးပေခန့် အသီးသီးရေဝင်ရောက်နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာ ၁၅ ရွာတို့မှ အိမ်ခြေ ၄၈၇၂ ခု၊ အိမ်ထောင်စု ၅၂၂၆ စု၊ လူဦးရေ ၁၉၈၄၅ ဦး ရေဘေးသင့်ခဲ့သဖြင့် အဆိုပါ ရေဘေးသင့်ပြည်သူများအနက် အိမ်ခြေ ၁၁၈၀၊ အိမ်ထောင်စု ၁၁၉၀၊ လူဦးရေ ၄၁၅၇ ဦးတို့အား ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၂၇ ခုဖွင့်လှစ်ပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက လိုအပ်သည့် ကူညီရွှေ့ပြောင်းမှုများ ဆောင်ရွက်ပေးကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း သွားရောက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြစ်သားမြို့နယ်အတွင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်မီ သက်ဆိုင်ရာတာဝန်ရှိသူများက အသိပေးတိုက်တွန်းနှိုးဆော်ခြင်းများ၊ ကူညီရွှေ့ပြောင်းပေးခြင်းများကို အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရေဘေးကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။



ကူညီကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများအရ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားပြီး ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် လေ့လာဖတ်ရှု၍ သတိပြုနေထိုင်ကြပါရန် အသိပေးထားသည်။ **သတင်းစဉ်**

# ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်




ဒိုဟာ အောက်တိုဘာ ၃

ကာတာနိုင်ငံ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ကျင်းပသည့် တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။ အစည်းအဝေးတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများက အေစီဒီထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ကာတာနိုင်ငံက သတ်မှတ်ထားသည့် ဘာသာရပ်ခေါင်းစဉ်ဖြစ်သည့် **“အားကစား ရေးရာ သံတမန်ဆက်ဆံရေး”** အပေါ် ကြိုဆိုခဲ့ကြကာ ကိုယ်စားလှယ်အဖွဲ့အသီးသီးက သက်ဆိုင်ရာနိုင်ငံအလိုက် မိန့်ခွန်းများပါဝင်ပြောကြားသည်။

တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့နံနက်ပိုင်းတွင် မိန့်ခွန်းတစ်ရပ်ပါဝင်ပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အေစီဒီလက်ရှိဥက္ကဋ္ဌ အီရန်နိုင်ငံ၏ခေါင်းဆောင်မှုကို အသိအမှတ်ပြုပါကြောင်းနှင့် ထို့ပြင် ၂၀၂၅ ခုနှစ် အေစီဒီဥက္ကဋ္ဌသစ်အဖြစ် လွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအား အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးအတွင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အေစီဒီပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများက အေစီဒီအတွင်းရေးမှူးချုပ်အဖြစ် မကြာသေးမီကခန့်အပ်ခဲ့သည့် ကူဝိတ်နိုင်ငံမှ သံအမတ်ကြီး Nasser Raden Thamer Al-Mutairi နှင့် ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည့် အီရန်နိုင်ငံမှ သံအမတ်ကြီး Mohammed Taghi Hosseini တို့အား ဝမ်းမြောက်ဂုဏ်ယူကြောင်း ထည့်သွင်းပြောကြားသည်။ ထို့ပြင် အစည်းအဝေးရလဒ်အဖြစ် **“ဒိုဟာကြေညာချက်”**ကို အဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် အိမ်ရှင် ကာတာနိုင်ငံအကြီးအကဲ ရှိတ်တမင်း(မ်) ဘင်ဟမတ်အယ်တာနီက တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များကို ဒိုဟာမြို့ရှိရစ်ကာလ်တန်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)ကို ၂၀၀၂ ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ ချာအမ်းမြို့၌ စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ လက်ရှိတွင် အေစီဒီ၌ ဒေသတွင်းအုပ်စုကြီး ငါးခုဖြစ်သည့် အရှေ့တောင်အာရှအုပ်စု၊ တောင်အာရှအုပ်စု၊ အနောက်အာရှအုပ်စု၊ ဗဟိုအာရှအုပ်စုနှင့် အရှေ့အာရှအုပ်စုတို့ကို အသီးသီးကိုယ်စားပြုသည့် အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံ ပါဝင်သည်။ မြန်မာနိုင်ငံသည် အေစီဒီ စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ယေဘုယျအားဖြင့် အာရှနိုင်ငံများအကြား အပြန်အလှန်အမှီသဟဲပြုရေးကို မြှင့်တင်သွားရန်နှင့် အာရှတိုက်မှ အာရှအသိုက်အဝန်းအဖြစ်သို့ ပြောင်းလဲရန်ရည်ရွယ်လျက် အေစီဒီကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ အေစီဒီအတွင်းရေးမှူးရုံးကို ကူဝိတ်မြို့၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား **“ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်”** နှင့် ကိုက်ညီသည့် အဓိကမဏ္ဍိုင်ကြီး (၆) ခု၌ ဦးစားပေး ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားသည်။ အဆိုပါ အဓိကမဏ္ဍိုင်ကြီး ခြောက်ခုမှာ (က) ပေါင်းစည်းဆက်နွယ်မှု၊ (ခ)သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ (ဂ) ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ (ဃ) စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေး၊ (င) ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ (စ) အားလုံးပါဝင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

ကာတာနိုင်ငံ၌ကျင်းပသည့် တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ အေစီဒီအဖွဲ့ဝင်နိုင်ငံ ၃၂ နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့်အဖွဲ့ကို ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့ သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာ (MoU) မူဘောင်အရ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် MoU သက်တမ်းထပ်မံတိုးမြှင့်ကာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များနှင့် ပြည်ပမှ တင်သွင်းသည့်ပစ္စည်းများကို အကောက်ခွန်လွတ်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းဆောင်ရွက်ပေးမှုအခြေအနေ၊ ဘူးသီးတောင်၊ မောင်တောဒေသမှ ဒေသခန့်ဝန်ထမ်းများ ခရီးသွားလာရေးနှင့် အခြေပြုနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှုနှင့် လိုအပ်ချက်ရှိပါက ကြိုတင် တင်ပြဆောင်ရွက်နိုင်ရေးအခြေအနေ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိနိုင်ရေးအခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့အကြား ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်းသိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးတက်ခိုင်မာစေရေးနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ခရီးသွားလာရေး ကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မြန်အောင်ခရိုင်အတွင်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများ ကြည့်ရှုစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များဖြင့် စတင်ကောက်ယူဆောင်ရွက်နေပြီဖြစ်ရာ ထိုသို့ကောက်ယူနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ နှင့်အဖွဲ့သည် မြန်အောင်ခရိုင် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်နှင့် မြို့မရပ်ကွက်များ၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကြံခင်းမြို့နယ်တလိုင်းကွင်းကျေးရွာရှိ တောင်သူ ဦးနန္ဒာနေမျိုးမောင်၏ ရေကြီးနစ်မြုပ်မှုကြောင့် စပါးပျက်စီး နှစ်ကေတွင် ရက်(၉၀) စပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ပိုက်ဆံလျှော် ငါးကေမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ရေကြီးနစ်မြုပ်ထိခိုက်လယ်မြေများကို ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် မြန်အောင်မြို့နယ် တာမိုင်(၅/၆ မှ ၅/၈)အကြား ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မကျီးစုတာ တာမိုင် ၆ မိုင် ၃ ဖာလုံရှိ ကမ်းပြိုမှု အခြေအနေများနှင့် မြန်အောင်မြို့လွန်ဆေးမြိုင်ပန်းခြံအနီး ကမ်းပြိုမှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့ အမှတ်(၂)ရပ်ကွက်နှင့် ဟသ်ာတမြို့ တာငါးဆယ်တောင်ရပ်ကွက်၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကောက်ယူနေမှုများနှင့် စာရင်းကောက်များ ဘာသာစကား အခက်အခဲမရှိစေရေး အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟသ်ာတမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအနေဖြင့် မိမိတို့ကျေးရွာအခန်းကဏ္ဍ၌ မိမိတို့ တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပျက်စီးစိုက်ကေများအား ပြန်လည်ဖြည့်တင်းစိုက်ပျိုးရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်တို့မှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မုံရွာမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**မုံရွာ အောက်တိုဘာ ၃**

မုံရွာမြို့ပေါ်ရှိ ရပ်ကွက်များနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းမှစတင်ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီ တာဝန်ရှိသူများနှင့် စာရင်းစစ်၊ စာရင်းကောက်များသည် သက်ဆိုင်ရာနေရာများသို့ လိုက်လံကောက်ယူကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့ပေါ်ရပ်ကွက် ၃၁ ရပ်ကွက်တွင် ကောက်ကွက်ပေါင်း ၄၂၆ ကွက်တို့၌ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၃၁ ဖွဲ့ စုစုပေါင်း ၁၇၅ ဦးတို့က Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် ကောက်ယူသွားမည်ဖြစ်သည်။

အဆိုပါ စာရင်းကောက်ခြင်း လုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် မုံရွာခရိုင်နှင့်မြို့နယ် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်ပါကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**မိတ္ထီလာ အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို စာရင်းစစ် ၅၉ ဦးနှင့် စာရင်းကောက် ၂၂၃ ဦး စုစုပေါင်း ၂၈၂ ဦးတို့ဖြင့် ကောက်ကွက် ၇၁၂ ကွက်အား အောက်တိုဘာ ၁ ရက်မှစတင်၍ ကောက်ယူလျက်ရှိသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးငွေဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ရေးမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**မော်လမြိုင် အောက်တိုဘာ ၃**

ရေးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူနေမှုအား အောက်တိုဘာ ၁ ရက်က ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ရေးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအသီးသီးတို့၌ သန်းခေါင်စာရင်းကောက်ကွက်ပေါင်း ၂၅ ကွက်ရှိပြီး ခရိုင်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စာရင်းစစ်၊ စာရင်းကောက် ၂၅ ဦးက လိုက်လံကောက်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**○ ရေကြီးနစ်မြုပ်မှု**

ဆောင်ရွက်ခဲ့ပြီး ပြန်လည်ကုစားခြင်းအတွက် တစ်ကေလျှင် ယူရီးယား ၂၈ ပေါင်၊ သဘာဝမြေဩဇာ တစ်အိတ်၊ ပိုတက်မြေဩဇာ ၂၈ ပေါင်၊ ကျောက်မှုန့် ၅၆ ပေါင်နှင့် ရွက်ဖျန်းမြေဩဇာ ဂရမ် ၅၀၀ နှုန်းတို့ဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် ပြန်လည်ကုစားခဲ့သော မိုးစပါးစိုက်ခင်းများ ကောင်းမွန်စွာ ဖြစ်ထွန်းလျက်ရှိပြီး သတ်မှတ်အထွက်နှုန်းများအတိုင်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သော မိုးစပါးစိုက်ခင်းများတွင် စိုက်ပျိုးရေးဦးစီးဌာနက သတ်မှတ်ထားသော သွင်းအားစုနှုန်းထားများအတိုင်း ထည့်သွင်းကုစားခြင်းဖြင့် မျှော်မှန်းထားသော အထွက်နှုန်းများအတိုင်း ရရှိနိုင်မည်ဖြစ်ပါ၍ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးထိခိုက်ခဲ့သော တောင်သူများအနေဖြင့် စနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တိုက်တွန်းထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက

အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦး

“အစ်ကိုကြီးရေ ကျွန်မတော့ဖြင့် သိပ်ကိုအားရှိသွားတာပါပဲ။ အခုလည်း ရေပြန်ကျ၊ မူလအတိုင်းပြန်ဖြစ်ပြီမို့ ကလေးကို ရွာပြန်ခေါ်သွားတော့မယ်နော်”ဟု အထက်ပါစကားကို ဆိုလာသူကား ကျွန်တော့်ညီမအရင်း မစန္ဒာဖြစ်သည်။ ဆိုရသည့် အကြောင်းရင်းမှာ ဆင်သေချောင်းဘေးရှိ သူတို့ရွာလေး ရေဘေးသင့်မှုကစ၏။ အားလုံးသိပြီးသည့်အတိုင်း ယခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် ထင်မှတ်မထားသောရေဘေးဒုက္ခကို ရှမ်းပြည်နယ်ဘက်မှာရော၊ နေပြည်တော်တပ်ကုန်းတစ်ဝိုက်က ဒေသခံပြည်သူများပါ တနင့်တပိုးခံစားခဲ့ရပါသည်။ ကျွန်တော့်ညီမ မိသားစုနှင့် သူတို့ရွာလေးလည်း မလွတ်ခဲ့ပေ။ ရေတက်သည့်ညမှာပင် မိသားစုလိုက် ကျွန်တော်နေထိုင်ရာ ရပ်ကွက်ကို ရောက်လာကြပါသည်။ ကျွန်တော်တို့ရပ်ကွက်က ချောင်းနှင့်ဝေးသည့်အပြင် အမြင့်ပိုင်းကျနေသောကြောင့် ရေဘေးလွတ်ခဲ့ပါသည်။ “နိုင်ငံတော်အကြီးအကဲက ရေဘေးသင့်ပြည်သူတွေကို ကိုယ်တိုင်လာရောက်တွေ့ဆုံပြီး အားပေးစကားပြောတယ်။ အခုလိုရေဘေးသင့်တာဟာ ချောင်းအနီးအနားမှာရှိတဲ့ ရွာတွေ၊ မြို့ပေါ်ရပ်ကွက်က ပြည်သူတွေ ထိခိုက်နစ်နာရသလို လမ်းတံတား၊ လျှပ်စစ်မီးတိုင်တွေ၊ အခြေခံအဆောက်အအုံတွေကို ထိခိုက်တဲ့အတွက်လည်း နိုင်ငံတော်အတွက်ပါ ထိခိုက်ရတယ်ဆိုတဲ့အကြောင်း၊ ဒါတွေအားလုံးအတွက် မူလအခြေအနေအတိုင်းပြန်ဖြစ်အောင် ကူညီပေးမယ့်အကြောင်းနဲ့ နောက်ပြီး ကလေးတွေကို ကျောင်းစာသင်ခန်းထဲ အမြန်ပြန်သွားနိုင်ဖို့ စီစဉ်နေတဲ့အကြောင်း၊ ကလေးတွေကို ကျောင်းပြန်တက်နိုင်အောင် မိဘတွေက စေလွှတ်ပေးဖို့နဲ့ ပညာတတ်မှ သူတို့ဘဝရှေ့ရေးကို အထောက်အကူပြုနိုင်ပြီး နောင်အနာဂတ်မှာ ညီမလေးတို့ထက်သာတဲ့အခြေအနေကိုရောက်မယ်။ သားသမီးတွေကို ပညာအမွေပေးပြီး အခုထက်သာအောင်လုပ်ပေးတာဟာ မိဘကောင်းပီသပါတယ်လို့ နိုင်ငံတော်အကြီးအကဲက ပြောသွားတယ်”ဟု သူတို့ရွာလေးရေကျပြီဖြစ်၍ အိမ်မပြန်ခင် ကျွန်တော့်ကို အားရွှင်လန်းစွာပြောသွားသည့် ညီမငယ်၏ စကားသံများကြောင့် ပညာရေးလောကတွင် နှစ်ပေါင်း ၄၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဝန်ထမ်းဖြစ်သည့် ကျွန်တော့်အတွက် အတွေးများ ပွားမိခဲ့ရပါတော့သည်။

### “ပညာ”အပေါ်တွင် အခြေခံတည်ဆောက်ထား

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်အကြီးအကဲ၏ ပြည်သူများအပေါ် စာနာငဲ့ညှာသည့်စိတ်နှင့် တိုင်းပြည်အနာဂတ်အတွက် ကြိုတင်မြော်တွေးမှုကိုပါ ညီမလေး၏ စကားများကတစ်ဆင့် သိလိုက်ရပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များကတည်းက ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် လူသားအရင်းအမြစ် (Human Resources) ၏ အရေးပါမှုကို သတိထားမိခဲ့ကြပါသည်။ တကယ်တော့ လူသားအရင်းအမြစ်ဆိုသည်မှာ “ပညာ” အပေါ်တွင်အခြေခံတည်ဆောက်ထားသည်ဟူသည့် အချက်ကို ပညာရေးဝန်ထမ်းဖြစ်သည့် ကျွန်တော် အသိဆုံးပင်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို အဓိကအလေးထား လုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။ ပညာရည်မြင့်မားမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူပြည်သားတစ်ဦးချင်းစီ၏ကြီးပွားချမ်းသာရေးအတွက် အဓိကသော့ချက်ဟု ဆိုနိုင်သည်မဟုတ်လား။ ကျွန်တော်တို့ငယ်စဉ်ကတည်းက “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့် ဆောင်ပုဒ်နှင့်ပင် ကျောင်းသားဘဝရက်စွဲများကို ကျော်ဖြတ်ခဲ့ရသည်။ ကျောင်းသားဘဝကုန်လွန်ပြီး လုပ်ငန်းခွင်ဝင်၊ အဲဒီနောက် အသက်အရွယ်ကြီးရင့်ပင်စင်ယူသည်အထိ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာတတ်သည့် နိုင်ငံ့သားကောင်းတစ်ဦး ဖြစ်ခဲ့ရပါသည်။

### ကလေးတိုင်း၏ လက်ဦးဆရာများ

ကျွန်တော်တို့မြန်မာမှုနယ်ပယ်တွင် “လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ” ဆိုသည့်အတိုင်း ကလေးတိုင်း၏ လက်ဦးဆရာများသည် မိဘများပင်ဖြစ်သည်။ ကျောင်းကိုရောက်လာသည့် ကလေးများ၏စရိုက်များကို ကြည့်လိုက်သည်နှင့် ထိုကလေးမိဘများ၏ စိတ်နေစိတ်ထား၊ စရိုက်လက္ခဏာများကို ဆရာတိုင်းက ပုံဖော်တတ်ကြပါသည်။ မိဘများက သားသမီးများကို ဦးဆုံးသင်ကြားပေးသည့်သူများပင်။ ဖေဖေ၊ မေမေ ဆိုသည့်နာမ်စားကို ပထမဆုံးစသင်ပါသည်။ ပြီးမှသာ ကိုယ်ဆန္ဒရှိရာကို ဆက်သင်ကြပါသည်။ အဲဒီမှာ စတင်စကားပြောပါသည်။ ကောင်းတာသင်မှာလား၊ ဆိုးတာသင်မှာလားဟူ၍။ တကယ်ဆို သားသမီးများကို ငယ်စဉ်ကတည်းက စည်းကမ်းရှိအောင် ဦးစွာသွန်သင်ဆုံးမပေးရမည့်တာဝန်က လက်ဦးဆရာဖြစ်သော မိဘများပင်ဖြစ်သည်။ ထိုသို့ပြောခြင်းသည် ကျောင်းဆရာများတွင် တာဝန်မရှိဟု ဆိုလိုခြင်းမဟုတ်ပေ။ မိဘများက မွေးဖွားပြီး၍ စကားပြောတတ်အောင်သင်ပြီးမှ ကလေးများက ကျောင်းကိုရောက်လာကြရသည်။ ကျောင်းကိုရောက်လာပြီးနောက်ပိုင်း စာတတ်အောင်၊ စဉ်းစားချင့်ချိန်တတ်အောင် သင်ကြားပြုစုပေးရသည်က ဆရာများ၏တာဝန်ပင်။ ထို့ကြောင့် ဆရာများသည် ကျောင်းသား ကျောင်းသူများအတွက် ဒုတိယမိဘများပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။ သို့သော် ယနေ့အချိန်အခါတွင် မိဘများက မိသားစု စားဝတ်နေရေးဆိုသည့် ခေါင်းစဉ်အောက် စီးပွားဥစ္စာများကို ကြိုးပမ်းရှာဖွေနေချိန်တွင် သားသမီးများအပေါ် ဆုံးမသွန်သင်မှုများ လျော့ပါးလာသည်ကို တွေ့ရပါသည်။ မယုံမရှိပါနှင့်။ စာရေးသူကိုယ်တွေ့ပါ။ မြင်ခဲ့တွေ့ခဲ့ဖူးပါသည်။ ကျောင်းသားများကို ပညာတတ်ဖြစ်စေရုံမက စည်းကမ်းရှိပြီး လိမ္မာရေးခြားရှိသူများဖြစ်လာအောင် သင်ကြားပေးကြရပါသည်။ စည်းကမ်းရှိသည့် ကျောင်းသား ကျောင်းသူများဖြစ်စေရန် ပုံသွင်းပေးရေးမှာ ဆရာများ၏တာဝန်ဆိုလည်းမမှားပေ။ လက်ဦးဆရာဖြစ်သော မိဘများကိုယ်တိုင်က အသိတရားရှိပြီး ခံယူချက်ကောင်းကြရန်လိုသည်ကို ကျွန်တော့်လုပ်သက်ကနေ အတွေ့အကြုံရရှိခဲ့ပါသည်။

> “စည်းကမ်းဆိုသည်မှာ လေးနက်နက်ရှိုင်းလွန်းသည်။ စည်းကမ်းရှိပြီး စည်းကမ်းတန်ဖိုးကို နားလည်ရန်၊ စည်းကမ်းတကျ လုပ်ဆောင်တတ်ရန်၊ စည်းစနစ်တကျ လေ့လာ၊ သင်ယူ၊ ဆုံးမနာယူတတ်ရန်ဆိုသည်မှာ အင်မတန်ခက်ခဲပါသည်။ “အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်” ဆိုသည့်အတိုင်း စည်းကမ်းမရှိသည့် ကျောင်းသား ကျောင်းသူများ၏ဘဝ ရေစုန်မျောသွားနိုင်ပါသည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သောကြောင့် အခြေခံပညာကျောင်းများကနေစတင်ပြီး စည်းကမ်းနှင့်အညီ ပြုမူပြောဆိုနေထိုင်တတ်အောင် သင်ကြားပြုစုပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် ကလေးများ၏ ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍမှာ အခရာကျကြောင်း ဆိုရခြင်းဖြစ်”

### မိဘ-ဆရာပေါင်း ကလေးပညာရေးကောင်း

စည်းကမ်းဆိုသည်မှာ လေးနက် နက်ရှိုင်းလွန်းသည်။ စည်းကမ်းရှိပြီး စည်းကမ်းတန်ဖိုးကို နားလည်ရန်၊ စည်းကမ်းတကျ လုပ်ဆောင်တတ်ရန်၊ စည်းစနစ်တကျ လေ့လာ၊ သင်ယူ၊ ဆုံးမနာယူတတ်ရန်ဆိုသည်မှာ အင်မတန်ခက်ခဲပါသည်။ “အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်” ဆိုသည့်အတိုင်း စည်းကမ်းမရှိသည့် ကျောင်းသား ကျောင်းသူများ၏ဘဝ ရေစုန်မျောသွားနိုင်ပါသည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သောကြောင့် အခြေခံပညာကျောင်းများကနေစတင်ပြီး စည်းကမ်းနှင့်အညီ ပြုမူပြောဆိုနေထိုင်တတ်အောင် သင်ကြားပြုစုပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် ကလေးများ၏ ပညာရေးတွင် ဆရာများ၏ အခန်းကဏ္ဍမှာ အခရာကျကြောင်း ဆိုရခြင်းဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများကို နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ပြုစုပျိုးထောင်ပေးရမည်မှာ ဆရာများ၏တာဝန်သာဖြစ်သည်ဟု ကျွန်တော်ခံယူပါသည်။ နိုင်ငံအတွက် အရေးကြီးလှသော အမျိုးသားရေးစိတ်ဓာတ်ကောင်းများကို ကျောင်းနေအရွယ်ကတည်းက ကိန်းအောင်းနေအောင် ပြုစုလေ့ကျင့်ပျိုးထောင်ပေးမှသာ ကလေးများကြီးပြင်းလာသည့်အခါ နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံသားကောင်းများ ဖြစ်လာကြမှာမလွဲပင်။ ကျောင်းဆရာဖြစ်ခဲ့သည့် ကျွန်တော်က ယခုလိုဖြစ်စဉ်များကို အများဆုံးမြင်တွေ့ခဲ့ရပါသည်။ ထို့ကြောင့် မိဘတိုင်းသည် မိမိတို့ သားသမီးရှေ့ရေးအတွက် ကျောင်းကိုရောက်အောင် ပို့ရပါမည်။ ကျောင်းကိုရောက်လာသည့် ကလေးငယ်တိုင်း ကျောင်းပျော်ပြီး ပညာသင်ယူလိုစိတ်ဖြစ်အောင် ကြိုးစားရမည်က ဆရာများ၏ အရည်အချင်းပေါ်တွင် မူတည်နေသည်။ “မိဘ-ဆရာပေါင်း ကလေးပညာရေးကောင်း” ဆိုသည့် ဆောင်ပုဒ်ရှိပါသည်။

တကယ်တော့ အသက်လေးနှစ်ကျော်၊ ငါးနှစ်အရွယ်လေးများကို ပန်းပုဆရာဖြစ်သည့် ဆရာများက လိုသလို ပုံစံသွင်း ထုဆစ်နိုင်ပါသည်။ ဆရာကောင်းရင် ကောင်းသလို ဆရာ့အရည်အချင်း ပြည့်ဝမှုအပေါ်မူတည်ပြီး ကလေးများ၏အနာဂတ်လည်း တောက်ပလာနိုင်ပါသည်။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ကျောင်းမနေဖူးသူထက် ကျောင်းတက်ခဲ့ဖူးသူက စည်းကမ်းလိုက်နာမှုနှင့် စိတ်ဓာတ်ကောင်းမွန်မှုတို့မှာ ပိုပြီးမြင့်မားကောင်းမွန်သည်ကို လေ့လာတွေ့ရှိရပါသည်။ ကျောင်းမနေဘဲ ရပ်ထဲရွာထဲမှာပဲနေသည့်အခါ ၎င်းပတ်ဝန်းကျင် ကျဉ်းကျဉ်းနှင့်သာ တွေ့ထိရပါသည်။ ထိုကလေးငယ်၏ စိတ်ကလည်း အနီးနားက မြင်နေကျကလေးများနှင့်သာ ရင်းနှီးနေမှာအမှန်ပင်ဖြစ်သည်။ အကယ်၍ ကျောင်းနေမည်ဆိုလျှင် ကလေးပေါင်းစုံနှင့် ရင်းနှီးမည်။ လူပေါင်းစုံသည့်အတွက် ကလေး၏ စိတ်ကလည်း အများကြီးဖွံ့ဖြိုးနိုင်ပါသည်။ အသင်အပြကောင်းသည့် ဆရာ ဆရာမများနှင့်တွေ့မည်၊ ကလေးပေါင်းစုံနှင့်လည်း တွေ့သွားမည်ဆိုလျှင် စိတ်က ပိုမိုဖွံ့ဖြိုးလာပါလိမ့်မည်။ ထိုအရာများသည် ကျောင်းဆရာဟောင်းတစ်ယောက်၏ ကိုယ်တွေ့အတွေ့အကြုံများပင်ဖြစ်သည်။ ထိုကဲ့သို့ သင်ယူခြင်းအားဖြင့် ကလေးများအတွက် လောကကြီးသည် ကျယ်ပြောသည်ထက် ကျယ်ပြောလာမည်မှာ အသေအချာပင်။ စိတ်ဓာတ်နှင့်အတွေးအခေါ်များအားလုံး သိသိသာသာ ကွဲပြားလာမည်ဖြစ်သောကြောင့် အိမ်မှာနေသည့်ကလေးနှင့် ကျောင်းနေသည့်ကလေးတို့၏ ကွာဟချက်ကို အချိန်ကြာလာသည်နှင့်အမျှ တွေ့ရမည်ဖြစ်ပါသည်။

### ဦးဆောင်နိုင်မှု၊ တာဝန်ယူလိုသည့် စိတ်ဓာတ်များလည်း ရရှိသွားမည်

ကျောင်းတက်ပြီဆိုသည်နှင့် သတ်မှတ်ထားသည့် ကျောင်းဝတ်စုံကို ဝတ်ရပါမည်။ အခြားကျောင်းသား ကျောင်းသူအတန်းဖော်များနည်းတူ ဘုရားရှိခိုးခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်းကအစ ကျောင်းသန့်ရှင်းရေးနှင့် အားကစားပြိုင်ပွဲများမှာ ပူးပေါင်းပါဝင်ရပါမည်။ ကျောင်းစည်းကမ်း၊ စာသင်ခန်းစည်းကမ်းများအတိုင်း ဆရာများ၏ သွန်သင်ဆုံးမမှု၊ သင်ကြားမှုများအတိုင်းနေရပါမည်။ အကျိုးဆက်ရလဒ်မှာ ကျောင်းနေသည့်ကလေးသည် အများနှင့်နေထိုင်တတ်မည်၊ စုပေါင်းလုပ်ကိုင်တတ်မည်။ ခေါင်းဆောင်တစ်ဦး၏ စိတ်ဓာတ်နှင့် ဦးဆောင်နိုင်မှု၊ တာဝန်ယူလိုသည့် စိတ်ဓာတ်များလည်း ရရှိသွားမည်အမှန်ပင်။ ထို့ကြောင့် အိမ်မှာသာနေသည့်ကလေးများသည် ထိုသို့ အလေ့အကျင့်ကောင်းများမရနိုင်သလို စုပေါင်းစိတ်ဓာတ်၊ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်တတ်မှု စသည့် အခြေခံကောင်းများနှင့် ဝေးကွာနေကြခြင်းဖြစ်ပါသည်။

ကျောင်းမနေဖူးသူထက် မူလတန်းအဆင့်အထိ တက်ရောက်ဖူးသူ၊ မူလတန်းအဆင့် တက်ဖူးသူထက် အလယ်တန်းအဆင့်အထိ တက်ရောက်ဖူးသူများက စည်းကမ်းပိုင်းနှင့် စိတ်ဓာတ်ပိုင်း ပိုကောင်းကြပါမည်။ အထက်တန်းအဆင့်ပြီးသူ၊ တက္ကသိုလ်အဆင့်ပြီးမြောက်သူများက ပို၍ပို၍ ရင့်ကျက်ကောင်းမွန်တတ်ကြပါသည်။

စာသင်ကြားမှုအပိုင်းတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆိုပြီး သတ်မှတ်ထားခြင်းမှာ ကလေးများ၏ အသက်အရွယ်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ အရွယ်ရောက်လာမှု စသည့်အခြေအနေများအပေါ် မူတည်ကာ ခွဲထားခြင်းဖြစ်ပါသည်။ မူလတန်းတွင် “ဝ” လုံးကလေးကို ဝိုင်းဝိုင်းရေးနိုင်အောင်၊ A, B, C, D ရေးနိုင်အောင် သင်ပြကြပါသည်။ ကဗျာများ ရွတ်ဆိုခိုင်းကြပါသည်။ အလယ်တန်းရောက်လာသည့်အခါ အဆင့်မြင့်လာပါမည်။ ကလေး၏စိတ်ပိုင်းနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုကလည်း မြင့်လာသလို သင်ကြားရသည့်စာများနှင့် ဘာသာရပ်များကလည်း အဆင့်မြင့်လာပါသည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

အထက်တန်းတွင် ပိုပြီးမြင့်လာပါတော့သည်။ တက္ကသိုလ်ရောက်သည့်အခါတွင် နယ်ပယ်က ပို၍ ကျယ်လာပြီး လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အနယ်နယ်အရပ်ရပ်မှ ရောက်လာကြပြီး ဘာသာရပ်အလိုက် တက်ရောက်သင်ကြားကြပါသည်။ တက္ကသိုလ်ဆိုသည့်အရွယ်အဝါနှင့်အတူ ကျောင်းသား ကျောင်းသူများလည်း စည်းကမ်းတကျ နေထိုင်ကြရပြီး အတွေးအခေါ်များလည်း စုံလာကြပါသည်။ ကလေးများ ကျောင်းနေပညာသင်ရန်အတွက် နံပါတ်တစ် မိဘက အရေးကြီးပြီး နံပါတ်နှစ် ဆရာ ဆရာမများက အရေးကြီးကြောင်း ပညာရေး ဝန်ထမ်းတစ်ဦး၏ အတွေ့အကြုံအရ သိခဲ့ရပါသည်။

**စာသင်ခန်းနှင့်ဝေးနေကြမည်ဆိုလျှင်**

သားသမီးများသည် ငယ်ရွယ်စဉ်ကာလတွင် မိဘခိုင်းသည့်အတိုင်း အများအားဖြင့် လုပ်ကြသူများပင်ဖြစ်သည်။ **လမ်းဘေးလေလွင့်နေထိုင်သူ၊ ကော်ရှူသူ၊ တောင်းရမ်းစားသောက်နေသူများမှ အစ ခိုးဆိုးလုယက်၊ မူးယစ်ဆေးဝါးသုံးစွဲနေကြသည့် ကလေးများကိုကြည့်ပါက စာသင်ခန်းနှင့် ဝေးနေကြသူများဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။** ၎င်းတို့သည် အများအားဖြင့် ဖြစ်သလိုနေကြပြီး လူရမ်းကားစရိုက်ဆန်ကြပါသည်။ ထို့ကြောင့် **စာသင်ခန်းထဲက ကလေးနှင့် စာသင်ခန်းပြင်ပက ကလေးများ၏ သဘာဝဟာ လွန်စွာကွာခြားတတ်ကြပါသည်။** ကျောင်းနေသည့်ကလေးတစ်ဦး၏ စိတ်ဓာတ်နှင့် နှလုံးသားက ပိုမိုဖွံ့ဖြိုးလာကာ နူးညံ့သိမ်မွေ့ကြခြင်းကြောင့် ကလေးများကျောင်းနေရေးအတွက် မိဘနှင့် ဆရာများက အရေးကြီးရခြင်းပင်ဖြစ်ပါသည်။ မိဘများကိုယ်တိုင်က ကိုယ့်သားသမီး ပညာရေးနှင့် ပတ်သက်ပြီး "စာသင်တာ အလကားပဲ" ဆိုသည့် အတွေးအခေါ်အယူအဆ ရှိနေမည်ဆိုပါက ထိုကလေးသည် ကျောင်းစာနှင့်ဝေးနေမည်မှာ သေချာပါသည်။ ပညာတတ်ကြီးဖြစ်ရန် ပို၍ဝေးသွားပေမည်။ ကလေးများ ကျောင်းကိုရောက်လာမည်၊ သင်ကြားပေးမည့်ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်ကလည်း ကောင်းမွန်မည်ဆိုပါက ထိုကလေးများ၏ အနာဂတ်ပညာရေးသည် သေချာပေါက် ကောင်းမွန်တိုးတက်စေပါမည်။

**ကျောင်းလုံးဝမနေဖူးသူ**

**၈ ဒသမ ၁ ရာခိုင်နှုန်းရှိ**

မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်းလုံး ကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်း ရှိကြောင်း သိရပါသည်။ အလယ်တန်းအဆင့်အထိ ပညာသင်ယူခဲ့ဖူးသူ ၁၈ ဒသမ ၂ သန်းခန့်၊ အထက်တန်းပညာသင်ယူခဲ့သူ ခုနစ်သန်းကျော်ခန့်ရှိပြီး လူဦးရေ သုံးသန်းနီးပါးခန့်သာ ဘွဲ့ရရှိခဲ့သည်ကို တွေ့ရပါသည်။ နိုင်ငံလူဦးရေနှင့် ယှဉ်လိုက်မည်ဆိုပါက ကျောင်းနေသူရာခိုင်နှုန်းနှင့် စာတတ်မြောက်သူရာခိုင်နှုန်းက ယခုထက်ပိုမိုများပြားရန် လိုနေသေးသည်ကို တွေ့ရပါသည်။ နိုင်ငံတော်အတွင်း ဒေသများအလိုက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ကွာဟချက် မကြီးမားစေရန် အသိပညာနှင့် အတတ်ပညာပြည့်စုံသော ပညာတတ်ဦးရေများပြားရန် လိုအပ်သည်မှာအမှန်ပင်ဖြစ်သည်။ အတန်းပညာရှိမှသာ အသိပညာနှင့် အတတ်ပညာရပ်များကို သင်ယူရန် လွယ်ကူစေမည်။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် ပြည်သူများ၏ ပညာရေးအဆင့်မြင့်မားမှုသည် ပို၍ပင် အရေးကြီးပါသည်။ မြန်မာနိုင်ငံရှိ တချို့ပြည်နယ်များ၏ ကျေးလက်ဒေသများတွင် ဘာသာစကား အခက်အခဲ၊ ပညာရေးအားပေးမှု အားနည်းချက်နှင့် အခြားလူမှုစီးပွားဘဝ အခက်အခဲအမျိုးမျိုးကြောင့် ပညာရေးအားနည်းလျက်ရှိနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ **ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည့်သူများ၊ လိုက်နာကျင့်သုံးရမည့်သူများအားလုံးသည် အသိပညာ အတတ်ပညာများနှင့် မှန်ကန်သည့် စဉ်းစားတွေးခေါ်နိုင်စွမ်းများရှိရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအားလုံး၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားနေမှသာ အခွင့်အရေး၊ လိုက်နာထိန်းသိမ်းရမည့် စည်းကမ်းနှင့် တာဝန်များကို ဆောင်ရွက်နိုင်မည်ဖြစ်**ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေး၏အရေးကြီးပုံကို သတိပြုမိသောကြောင့် နိုင်ငံသားအားလုံး ပညာရည်မြင့်မားလာစေရေး အတွက် ပညာရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲခဲ့သည်ကို တွေ့ရပါသည်။ ကျောင်းနေအရွယ်ကလေး အားလုံး၊ ပညာသင်ယူရမည့်အရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရေးနှင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ်များကို ချမှတ်ပေးခဲ့ခြင်းသည် နိုင်ငံ့အနာဂတ်အတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးခြင်းပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများမှ ထုတ်ကုန်များ တိုးတက်မြင့်မားစေရန်အတွက် လိုအပ်သည့် ကျွမ်းကျင်လူသား အရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ယခုအချိန်တွင် ခရိုင် ၈၄ ခု၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၅ ကျောင်း ဖွင့်လှစ်ပေးလျက်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား ကျောင်းသူများ အတန်းပညာကို အဆင်ပြေစွာ သင်ကြားနိုင်ရေး အတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်းများသာမက ကျောင်းစာကြည့်တိုက်၊ သန့်စင်ခန်း၊ ကျောင်းအားကစားရုံ၊ အားကစားကွင်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်ပြီး သင်ထောက်ကူ ပစ္စည်းများ ပြည့်စုံစေရေးကိုပါ အလေးအနက်ထား ဆောင်ရွက်ပေးနေမှုများသည် နိုင်ငံတော်အစိုးရ၏ ပညာရေးကို အားပေးအားမြှောက်ပြုနေသည့် လုပ်ဆောင်ချက်များအဖြစ် ပေါ်လွင်ထင်ရှားနေသည်ကို သတိထားမိပါသည်။

**စာဖတ်ကြရန် အလွန်အရေးကြီး**

ပညာရေးကို အားလုံးက အားပေးရမည်ဖြစ်သလို အကြောင်းအမျိုးမျိုးကြောင့် ပညာရေးရပ်တန့်သူများကလည်း စာဖတ်ကြရန် အလွန် အရေးကြီးပါသည်။ စာဖတ်သည့်အခါတွင် မိမိနှစ်သက်ရာ၊ ဝါသနာပါရာ၊ မိမိဘဝတက်လမ်းအတွက် အကျိုးရှိစေမည့် မိမိတို့ကျင်လည်ရာကဏ္ဍ နယ်ပယ်အလိုက် သက်ဆိုင်သည့်စာပေများကို ဖတ်ကြရမည်ဖြစ်ပါသည်။ သုတ၊ ရသ မည်သည့်စာပေပင်ဖြစ်ဖြစ် ဖတ်သင့်ပါသည်။ ဗဟုသုတ၊ အကြားအမြင်အတွက် သုတစာပေဖတ်ရမည်ဖြစ်သလို စိတ်နှလုံးသားနူးညံ့သိမ်မွေ့ရန် ရသစာပေလည်းဖတ်ကြရပါမည်။ ရာသီဥတုနှင့် မိုးလေဝသအခြေအနေ၊ သဘာဝဘေး၊ ရေကြီးမှု၊ မီးလောင်မှု၊ ဒေါ်လာဈေး၊ ရွှေဈေး၊ အခြေခံစားသောက်ကုန်နှင့် ကုန်ဈေးနှုန်း၊ နယ်မြေဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေအနေများနှင့်ပတ်သက်ပြီး နေ့စဉ်ဖြစ်ပျက်ပြောင်းလဲနေသည့် အကြောင်းအရာများ၊ နေ့စဉ်သတင်းများသည် သုတစာပေများဖြစ်ပါသည်။ သုတစာပေကို ဖတ်ရှုလေ့လာခြင်းအားဖြင့် အခြေအနေအရပ်ရပ်နှင့် သတင်းအချက်အလက်၊ အကြောင်းအရာ အဖြစ်အပျက်များကို သိလာပါမည်။ သိထားသည့်အတွက် ဆောင်ရန်၊ ရှောင်ရန်၊ ရွေးချယ်စရာ နည်းလမ်းများကိုလည်း သိလာကြပါမည်။ ဥပမာ- "မီးရထားလမ်း ရေကျော်နေ၍ ရထားခရီးစဉ်တချို့ ယာယီရပ်ဆိုင်းထား" ဆိုသည့် သတင်းကို ကြိုတင်သိထားမည်ဆိုပါက မိမိသွားမည့်ခရီးစဉ်တစ်ခုကို ကားလမ်းကြောင်းမှသွားခြင်းမျိုး သို့မဟုတ် ရထားနှင့်သွားမည့်ခရီးစဉ်ကို ဖျက်လိုက်ခြင်းမျိုး စဉ်းစားဆုံးဖြတ်နိုင်ပေမည်။ ရသစာပေသည် လူတစ်ဦး၏ စိတ်ဓာတ်၊ အယူအဆ၊ အတွေးအခေါ်များကို ပြောင်းလဲသွားစေပြီး နှလုံးသားကို နူးညံ့စေတတ်ပါသည်။ ပြဿနာတစ်ရပ်ရပ် ဖြစ်လာသည့်အခါ သို့မဟုတ် အခက်အခဲတစ်ခုခု ကြုံလာသည့်အခါ ဝုန်းခနဲ ဒိုင်းခနဲ ဖြေရှင်းမှုမျိုး မလုပ်ဖြစ်တော့ဘဲ အရာရာကို တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ဖြေရှင်းတတ်လာပါသည်။

**မှန်မှန်ကန်ကန် လေ့လာသုံးသပ်နိုင်**

စာအုပ်စာပေကောင်းများ ဖတ်ရှုရေးနှင့် ပတ်သက်၍လည်း ပြန်ကြားရေးဝန်ကြီးဌာနအပြင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ စာပေတိုက်မှ အများသူငါ ဗဟုသုတရရှိစေရေးအတွက် အသိပညာ၊ အတတ်ပညာဆိုင်ရာ စာအုပ်စာပေကောင်းများ စဉ်ဆက်မပြတ် ထုတ်ဝေပေးလျက်ရှိသည်ကို တွေ့မြင်ရပါသည်။ အစိုးရနှင့် တပ်မတော်မှသာ မဟုတ်ဘဲ နိုင်ငံသားအားလုံးအတွက် အကျိုးရှိ၊ အဖိုးတန်သော စာအုပ်စာပေကောင်းများကို အရပ်ဘက် ပုဂ္ဂလိကပိုင် စာအုပ်တိုက်များကလည်း ယခုထက်မက ပိုမိုထုတ်ဝေနိုင်ရေး ကြိုးပမ်းစေလိုပါသည်။ ထိုသို့ထုတ်ဝေကြမှသာ စာဖတ်ကြသူများအနေဖြင့် စာအုပ်စာပေကောင်းများ ဖတ်ရှုနိုင်ပြီး ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော အကြောင်းအရာများကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်နိုင်ပေလိမ့်မည်။ ထိုမှတစ်ဆင့် အသိအမြင်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သော နိုင်ငံ့သားကောင်းများ ဖြစ်လာကြပေမည်။

၂၀၂၂ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"အနာဂတ်နိုင်ငံတော်ဟာ ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီဟာ ပညာတတ်တွေ ပေါကြွယ်ဝမှသာ ဒီမိုကရေစီဆိုတာလည်း အဓိပ္ပာယ်ရှိမှာ။ တိုင်းပြည်တိုးတက်ဖို့ဆိုတာကလည်း ပညာတတ်တွေရှိမှပဲ စိတ်ချရလိမ့်မယ်။ ဒါကြောင့် ပညာရေးဟာ တိုင်းပြည်တိုးတက်ရေးအတွက်ရော၊ ဒီမိုကရေစီအရေးအတွက်ရော၊ တိုင်းပြည်အတွက် အဓိကကျတာကို တွေ့ရပါတယ်။ ပညာရေးမူဝါဒဟာ မဖြစ်မနေချမှတ်ပြီး ဆောင်ရွက်ဖို့လိုတယ်ဆိုတာကို သွားတွေ့ပါတယ်"** ဆိုပြီး ပြောကြားခဲ့သည်ကို မှတ်သားခဲ့ရပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးဆိုင်ရာ မှန်ကန်သောမူဝါဒများကို ချမှတ်ပေးခဲ့သည့်အပြင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးညီလာခံကျင်းပပေးခြင်း စသည့် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါသည်။ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေး အားကစား၊ ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးကိုလည်း ပံ့ဖော်ပေးနေသကဲ့သို့ စာအုပ်စာပေကောင်းများကိုလည်း ကျောင်းနှင့် အရပ်ဘက် စာကြည့်တိုက်များသို့ အင်တိုက်အားတိုက် လှူဒါန်းပေးလျက်ရှိသည်ကို တွေ့ရပါသည်။ ထိုအရာများအားလုံးသည် ပညာရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၏ အားပေးအားမြှောက်ပြုခြင်းများဖြစ်သောကြောင့် ကျွန်တော်ကဲ့သို့ အငြိမ်းစားပညာရေး ဝန်ထမ်းတစ်ယောက်အတွက်တော့ ပညာရေးကဏ္ဍအတွက် အားရကျေနပ် မုဒိတာပွားမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံကို ဖန်တီးပုံဖော်ကြသူများသည် ထိုနိုင်ငံ၏ နိုင်ငံသားများသာဖြစ်ပါသည်။ ကောင်းမွန်သည့် နိုင်ငံသားများကသာ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ကြပါမည်။ စည်းကမ်းလိုက်နာမှု ကောင်းမွန်သည့်လူမျိုးဖြစ်လာစေရန်အတွက် အစပြုလေ့ကျင့်သင်ကြားပေးသည့်နေရာသည် စာသင်ကျောင်းကလွဲပြီး တခြားမရှိနိုင်ပေ။ စာသင်သားကလေးငယ်များကို စာပေပညာတတ်မြောက်ရုံမျှသာမက နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး သွန်သင်ဆုံးမနည်းလမ်းပြကြရမည်မှာ ဆရာ ဆရာမများ၏ တာဝန်ပင်ဖြစ်ပါသည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုသည့်ဆောင်ပုဒ်သည် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများကို အစဉ်စည်းကမ်းရှိနေစေရေး မပြတ်သတိပေး ဆော်ဩနေသော လမ်းညွှန်ဆောင်ပုဒ်သာ ဖြစ်ပါသည်။ စည်းကမ်းကောင်းမွန်သည့်ကျောင်းက ဂုဏ်ဒြပ်ကြီးသလို ထိုကျောင်းမှ ကျောင်းဆရာ ဆရာမများကိုလည်း အများက လေးစားကြပါသည်။ ထိုကဲ့သို့ ကျောင်းများတွင် တက်ရောက်ကြရသည့်ကျောင်းသား ကျောင်းသူများနှင့် မိဘများကလည်း ဂုဏ်ယူကြပါသည်။ ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက နိုင်ငံသားများအားလုံး ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်နေသောကြောင့် စာသင်ကျောင်းများမှ တာဝန်ရှိသူများအနေဖြင့်လည်း စည်းကမ်း၊ ကျင့်ဝတ်၊ ဥပဒေများကို လေးစားလိုက်နာတတ်သော နိုင်ငံကြီးသားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးတာဝန်ကို အလေးအနက်ထားပြီး ဆက်လက်ထမ်းဆောင်ကြရန် လိုအပ်သည့်အကြောင်း လတ်တလော ကြုံတွေ့သိမြင်ခဲ့ရသည်များမှတစ်ဆင့် မျှဝေခံစား တင်ပြလိုက်ရပါသည် ခင်ဗျာ။ ။

> **"စာသင်ခန်းထဲက ကလေးနှင့် ကျောင်းမနေဘဲ အိမ်မှာနေသည့် ကလေးများ၏ သဘာဝဟာ လွန်စွာကွာခြားတတ်ကြပါသည်။ ကျောင်းနေသည့်ကလေးတစ်ဦး၏ စိတ်ဓာတ်နှင့် နှလုံးသားက ပိုမိုဖွံ့ဖြိုးလာကာ နူးညံ့သိမ်မွေ့ကြခြင်းကြောင့် ကလေးများ ကျောင်းနေရေးအတွက် မိဘနှင့် ဆရာများက အရေးကြီးရခြင်းပင်ဖြစ်ပါသည်။ မိဘများကိုယ်တိုင်က ကိုယ့်သားသမီး ပညာရေးနှင့်ပတ်သက်ပြီး "စာသင်တာ အလကားပဲ" ဆိုသည့် အတွေးအခေါ် အယူအဆရှိနေမည်ဆိုပါက ထိုကလေးသည် ကျောင်းစာနှင့်ဝေးနေမည်မှာ သေချာပါသည်။ ပညာတတ်ကြီးဖြစ်ရန် ပို၍ဝေးသွားပေမည်။ ကလေးများ ကျောင်းကို ရောက်လာမည်၊ သင်ကြားပေးမည့်ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်ကလည်း ကောင်းမွန်မည်ဆိုပါက ထိုကလေးများ၏ အနာဂတ်ပညာရေးသည် သေချာပေါက် ကောင်းမွန်တိုးတက်"**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး) သို့ ရောက်ရှိပြီး သင်တန်းကျောင်းခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှ ဝန်ထမ်းများ၊ သင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး) မှ ဆရာ ဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှ ဝန်ထမ်းများအတွက် ဆန်နှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ သင်တန်းကျောင်းမှ ထူးချွန်သူ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ သင်တန်းကျောင်းများမှ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် တောင်ကြီးမြို့ အေးသာယာရှိ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (တောင်ကြီး)၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်နေမှု အခြေအနေများကိုလည်းကောင်း၊ ကလောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာငါးရွာ၊ အိမ်ခြေ ၁၂၁၃ အိမ်၊ လူဦးရေ ၅၅၈၈ ဦးနှင့် စိုက်ပျိုးမြေဧက ၁၃၀၀ ကျော်တို့ကို အကျိုးပြုပေးနိုင်မည့် ကလောမြို့နယ်၊ ဟဲဟိုး-ဘော်ဆိုင်းလမ်းမကြီးမှ တောင်မြေခြား-မြောက်မြေခြားကျေးရွာဆက်သွယ်ထားသောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ကလောမြို့နယ် တင်ကြီးကြပ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကလောမြို့နယ်အတွင်းရှိ ကျောက်ဆောင် ဘီလူးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ ညောင်ပင်သာ၊ သာယာစု၊ ကျောင်းနောက်၊ ကန်ထောင့် စသည့်ကျေးရွာလေးရွာအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဘက်စုံသုံးခန်းမ၌ ပင်းတယမြို့နယ်အတွင်းရှိ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌတို့က ပင်းတယမြို့နယ်အတွင်း နေကြာစိုက် သမဝါယမအသင်း ၁၀ သင်း၊ အသင်းသားတောင်သူ ၂၈၂ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၆၀၀ အတွက် ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့များ၊ သွင်းအားစုဓာတ်မြေဩဇာများ၊ ရုရှားသဘာဝရွက်ဖျန်းဆေးရည်များကို အသင်းသားတောင်သူများထံသို့လည်းကောင်း၊ ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပင်းတယမြို့နယ် ပွေးလှကျေးရွာ (ဟော်ကုန်း)နှင့် ရှောက်ပင်ကျေးရွာတို့အတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ တို့ကို ကျေးရွာကော်မတီဝင်များထံသို့လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ပင်းတယမြို့နယ် တောင်ပေါ်ကြီးကျေးရွာရှိ “မြကျောက်” Natural Green Tea လက်ဖက်ခြောက် ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းရှင်၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်(မန္တလေး)နှင့် နည်းပညာတက္ကသိုလ်(မန္တလေး)တို့၌ ကျောင်းသားများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆို



**နေပြည်တော် အောက်တိုဘာ ၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် Myanmar Institute of Information Technology (MIIT)သို့ ရောက်ရှိပြီး ဘာသာရပ်များအလိုက် စာမေးပွဲခန်းများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ နည်းပညာဖွံ့ဖြိုးမှုအရွေ့များတွင် နောက်ကျမကျန်ခဲ့ရအောင် စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်ကြရန်၊ နိုင်ငံ့အကျိုးပြုဗလငါးတန်နှင့် ပြည့်စုံ၍ ထူးချွန်ထက်မြက်သော စွမ်းရည်မြင့် IT လူငယ်ပညာရှင်များ ပေါ်ထွန်းလာရေး ဝန်းကျင်ကောင်းများ ဖော်ဆောင်ပေးရန် တိုက်တွန်းမှာကြားပြီး ဒုတိယဝန်ကြီးသည် တက္ကသိုလ် ဥပမိရုပ်တင့်တယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် Outdoor Fitness Equipment များတပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာကောလိပ်(မန္တလေး)သို့ ရောက်ရှိကာ အင်ဂျင်နီယာ ဘာသာရပ်များအလိုက် စာမေးပွဲဖြေဆိုရန် ရောက်ရှိလာကြသည့်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စာမေးပွဲခန်းများ အသီးသီး၌ ရွှင်လန်းချမ်းမြေ့စွာ ဖြေဆိုလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို စာမေးပွဲစည်းကမ်းများအတိုင်း အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိပြီး စာမေးပွဲခန်းများ၌ အေးချမ်းရွှင်လန်းစွာ ဖြေဆိုလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်ဝင်း သန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ်ာတမြို့နယ်၌ သက်ကြီးအဘိုးအဘွားများအား ထောက်ပံ့လှူဒါန်း

**ဟသ်ာတ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ခရိုင်အဆင့် အသက်ကြီးဆုံး အဘိုးအဘွား နှစ်ဦးအား အောက်တိုဘာ ၁ ရက်က အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် အလှူငွေများကို အင်းဓဝယ်အုပ်စု မင်းနင်းကျေးရွာနှင့် ပဲကြီးကျွန်းအုပ်စု ဥယျာဉ်စုကျေးရွာတို့သို့ သွားရောက်ထောက်ပံ့ပေးသည်။

**အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်း**

ဟသ်ာတခရိုင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဟသ်ာတခရိုင်အဆင့် အသက်ကြီးဆုံး အဘိုးဦးရွှေသောင်း အသက် ၁၁၉ နှစ်နှင့် အဘွားဒေါ်သန်းလှ အသက် ၁၀၆ နှစ်တို့အား ဟသ်ာတခရိုင်လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းယုရွှေနှင့်ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သန္တာဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးအသင်းဥက္ကဋ္ဌ ဒေါ်အိအိခင်နှင့်အဖွဲ့တို့က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် မိခင်နှင့်ကလေးအဖွဲ့တို့က ဆေးနှင့်အာဟာရတို့အား အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက ဆန်အိတ်များလှူဒါန်း

**နေပြည်တော်  အောက်တိုဘာ ၃**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် ဆန်အိတ်များ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ညှိနှိုင်းဆက်သွယ်ပေးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံ DV Group စီးပွားရေးလုပ်ငန်းရှင် ဦးဝမ်ကျားဟွာ(ခ) ဦးမြင့်ဆွေက ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၀ နှင့်ညီမျှသည့် ဆန်အိတ်ပေါင်း ၄၀၀၀ နှင့် Senachy Cooperation Co.,Ltd. မှ CHEIN CHWIN က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၁၀ တန်နှင့်ညီမျှသည့် ဆန်အိတ်ပေါင်း ၄၀၀ စုစုပေါင်း ဆန် ၄၄၀၀ အိတ်တို့ကို လှူဒါန်းခြင်းဖြစ်၍ အလှူရှင်များကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ရေဘေးသင့်ဒေသများသို့ အမြန်ဆုံး ခွဲဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပျဉ်းမနားမြို့နယ် ပေါစံခေါ်ရေဘေးသင့်ကျေးရွာ လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက ဝန်ကြီးရုံးအတွင်းရှိ စိုက်ပျိုးမြေ ၂ ဒသမ ၈ ဧက၌ GW–11 မျိုး မိုးစပါးစမ်းသပ်စိုက်ကွက်များ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါစမ်းသပ်စိုက်ကွက်များတွင် လာမည့်ဆောင်းရာသီ၌ ရက် ၉၀ အိန္ဒိယနေကြာမျိုး ဆာရာကီရမ် (Suryakiran) ၁ ဒသမ ၁ ဧကကိုလည်းကောင်း၊ လယ်ဝေးမြို့နယ်၊ ဝဲကြီး၊ ကွေ့ကြီး ကျေးရွာများ၌ဖြစ်ထွန်းအောင်မြင်နေသောမျိုးများဖြင့် ဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ် ၁ ဒသမ ၇ ဧကကိုလည်းကောင်း ထပ်မံစိုက်ပျိုးပြီး ဝန်ထမ်းသက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် နတ်သရဲကျေးရွာအုပ်စုသို့ သွားရောက်၍ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော နတ်သရဲ- ပေါစံခေါ်- သစ်ဆိမ့်ပင် ကျေးရွာချင်းဆက်လမ်းပိုင်း ပေ ၇၀၀ ပြန်လည်ပြုပြင်ပေးရမည့် အခြေအနေနှင့် လမ်းပခုံးကပ်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပေါစံခေါ်ကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရွှေ့လျားရေသန့်စင်စက်ယာဉ်ဖြင့် ကျေးရွာသောက်သုံးရေဖြန့်ဝေပေးနေမှုကိုလည်းကောင်း၊ ပုဂ္ဂလိကတွင်းတိမ်များ တွင်းဆေးတွင်းမှုတ်လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျေးရွာအတွက် ဆောင်ရွက်ပေးထားသော အိမ်သွယ်ရေတိုင်စနစ်မှ ရေတိုက်စားမှုကြောင့် မြေပေါ်လာသော ရေပိုက်များ ပြန်လည်မြှုပ်နှံပေးနိုင်ရေး ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးရွာလူထုနှင့် တွေ့ဆုံ၍ ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများ နေရာတွင် ဆောင်းသီးနှံ ပဲမျိုးစုံနှင့် နွေစပါး ဆက်လက်စိုက်ပျိုးမည့် အခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး မော်တာနှင့် ပန့်များ အမြန်ပြုပြင်ပေးရေး၊ ပြုပြင်ဆဲကာလအတွင်း ရေသန့်စင်စက်မှရေကို ဖြန့်ဝေပေးရေး၊ ပျက်စီးသွားသော ကျေးရွာတွင်းလမ်းများ စုစုပေါင်း ပေ ၄၀၀၀ ဆက်လက် ပြုပြင်ဆောင်ရွက်သွားရေး တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နတ်သရဲ-ပေါစံခေါ်-သစ်ဆိမ့်ပင် ကျေးရွာချင်းဆက်လမ်း နှစ်မိုင် ခုနစ်ဖာလုံပေါ်၌ ရေတိုက်စားပျက်စီးသွားသော ခြောက်ပေ နှစ်လုံးတွဲ Box Culvert နေရာတွင် ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးထားသော ပေ ၅၀ ယာယီ ဘေလီတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဘေလီတံတားနေရာတွင် ၁၈ ပေ x ၁၂ ပေ x ၆ ပေ Box Culvert တစ်စင်း ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန်  အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အလုပ်သမားဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်အတွင်းရှိ JEWOO Manufacturing Co.,Ltd. အထည်ချုပ်စက်ရုံ၊ May Fair (Myanmar) Industry Co.,Ltd. အထည်ချုပ်စက်ရုံ၊ Oaktree Enterprises (Myanmar) Co.,Ltd. အိတ်ချုပ်စက်ရုံ၊ အမှတ် (100) So Go Fitting Industry စက်ရုံတို့၌ ပြုလုပ်သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်မျိုးသန့်နှင့် ဦးစီးအရာရှိ ဒေါ်စိုးသန္တာနွယ် (အလုပ်သမားဥပဒေစစ်ဆေးရေး)တို့က သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် သွားရောက်၍ ဦးစီးဌာနက စည်းကြပ်လျက်ရှိသည့် အလုပ်သမားဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး အလုပ်သမား ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရွေးချယ်နိုင်ရေးအတွက် TOT သင်တန်းဖွင့်ပွဲ ကျင်းပ




**မော်လမြိုင်  အောက်တိုဘာ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရွေးချယ်နိုင်ရေးအတွက် TOT( Training Of Trainers ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရွေးချယ်နိုင်ရေးအတွက် TOT သင်တန်းသို့ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်အဆင့် အကောင်းဆုံးကျောင်းဆုရရှိထားသည့် ကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီး စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ကျောင်းဆရာဆိုတာ နိုင်ငံကာကွယ်ရေးမှာလည်း တာဝန်ရှိသူများပါ

ဒေါက်တာမောင်သင်း

**"တကယ်တော့ နိုင်ငံတော်ကာကွယ်ရေးတွင် လက်နက်ကိုင်အဖွဲ့များတွင် တာဝန်ရှိသလောက် ကျောင်းဆရာများတွင်လည်း တာဝန်ရှိ၏။ ဤသည်မှာ ယဉ်ကျေးမှုမြင့်မားသော နိုင်ငံနှင့် လူ့အဖွဲ့အစည်းတို့၏ အစဉ်အလာဖြစ်၏"**

**ဘာထရန်ရပ်ဆဲလ်**

မြန်မာ့လူ့အဖွဲ့အစည်းက "ဆရာ" ကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထားပြီး အပူဇော်ခံအဆင့်တွင် ထားခဲ့သည်မှာ နှစ်ပေါင်းထောင်ချီကြာခဲ့ပါပြီ။ မည်သည့်အတွက်ဟုဆိုလျှင် ဆရာသည် လူတစ်ဦးချင်းမှသည် အဖွဲ့အစည်းတစ်ခုလုံး၏ တန်ဖိုးများ တက်လာအောင် ဆောင်ကြဉ်းပေးကာ လူသားကို အဆင့်မြင့်သည့် ဘဝပန်းတိုင်ဆီသို့ အရောက်ပို့ဆောင်ပေးနိုင်သူမို့ပါ။ ထို့အတူ သူတို့တွင် ကျရောက်မည့်အန္တရာယ်ကိုလည်း ကာကွယ်ပေးနိုင်စွမ်းရှိသူများ ဖြစ်ကြလို့ပါ။

ပြီးလျှင် မည်သည့်အခါမျှ တပည့်များကို အကျိုးနည်း၊ ဒုက္ခရောက်အောင် ပြုမူပြောဆိုလုပ်ကိုင်လေ့မရှိကြသူများဖြစ်လို့ပါပဲ။ ယူနက်စကိုက သတ်မှတ်ထားသည့် မြင့်မြတ်သည့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း (Noble Professions) သုံးမျိုးရှိပါသည်။ လူသားမျိုးဆက်တိုင်းကို ပညာအလင်းရောင်ထွန်းညှိပေးသော ကျောင်းဆရာများ၊ ပြည်သူများကို ဘေးရန်အန္တရာယ်အသီးသီးမှ ကာကွယ်ပေးသော လက်နက်ကိုင်အဖွဲ့အစည်းများ (တပ်မတော်၊ ပြည်သူ့ရဲနှင့် ပြည်သူ့စစ်)နှင့် ပြည်သူများကို ရောဂါဘယကင်းဝေးအောင် ဆောင်ကြဉ်းပေးသော ကျန်းမာရေးဝန်ထမ်းများ (ဆရာဝန်၊ ကျန်းမာရေးမှူး၊ သူနာပြုစသည်) ဖြစ်ပါသည်။

ပညာရေးသည် လူမှုအဖွဲ့အစည်းရှင်သန်မှု၏ ဝိညာဉ်ပါပဲ။ သူကသာ လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးမှု၊ တိုးတက်မှုဆိုသည်တို့ကို ဆက်လက်ရှင်သန်ရန် စွမ်းဆောင်နိုင်လို့ပါ။ လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းအားလုံး၏ ဖွံ့ဖြိုးမှုမဏ္ဍိုင်ပါ။ လူသားတို့၏ မွေးရာပါ အရည်အသွေးကောင်းတွေကို ပိုမိုဖွံ့ဖြိုးအောင်၊ ထက်မြက်လာအောင် လေ့ကျင့်ပေးသည့် လုပ်ငန်းပါ။ ထိုလုပ်ငန်း၏ စွမ်းဆောင်ရည်မြင့်မားလေလေ လူသားတစ်ဦးချင်းစီမှာ လူ့ဘောင်ကောင်းကျိုးသယ်ပိုးမည့် ဗီဇကောင်းများ ပိုမိုထက်မြက်လာကြပြီး လူ့အဖွဲ့အစည်းကို ဖျက်ဆီးမည့်၊ ငြိမ်းချမ်းမှုကို ပျက်စီးစေမည့် ဗီဇဆိုး၊ ဗီဇညံ့များ ပျောက်ကွယ်လေလေပါပဲ။

ပညာရေးအဆင့်အတန်းမြင့်မားသည့် လူ့အဖွဲ့အစည်းတိုင်းသည် ကမ္ဘာ့ထိပ်တန်း၌ရှိကြပြီး ပညာရေးအဆင့်အတန်းနိမ့်ကျသော နိုင်ငံနှင့်လူမျိုးသည် ဖွံ့ဖြိုးမှုအားနည်းသော ဘဝမှာသာ ရှိနေကြပါသည်။ တိုးတက်ဖွံ့ဖြိုးမှုကို လိုလားကြသော လူသားတိုင်းနှင့် လူ့အဖွဲ့အစည်းတိုင်းက ပညာရေးကို အားပေးမြှင့်တင်နေကြပါသည်။ ထိုသို့ လူ့ဘောင်ကောင်းကျိုးအဖြာဖြာကို သယ်ပိုးသော ပညာရေးကို ရှေ့တန်းက အားကြိုးမာန်တက် အကောင်အထည်ဖော်နေသည်မှာ အရည်အသွေးထက်မြက်သည့် ကျောင်းဆရာများပါပဲ။

သို့ဖြစ်၍ **"ဖွံ့ဖြိုးသောနိုင်ငံ ဖြစ်လာရခြင်းမှာ သူ့နိုင်ငံသားများ ကောင်းကြ၊ တော်ကြလို့ပါ။ ကောင်းသလောက်၊ တော်ကြသော နိုင်ငံသားများ ကြွယ်ဝဖို့ကတော့ အဲဒီနိုင်ငံ၏ ပညာရေးမှာ အရည်အသွေးပြည့်ဝသည့် ဆရာကောင်း၊ ဆရာမြတ်များ ရှိနေမှ ဖြစ်မှာပါ"**ဟူသည့် စင်ကာပူဝန်ကြီးချုပ် (ငြိမ်း) လီရှန်လွန်း၏ စကားအရဆိုလျှင် **"နိုင်ငံ ဖွံ့ဖြိုးမှုမှာ ဆရာများ အရည်အသွေးမြင့်မားမှုက အခရာ"**ဟု ဆိုပါရစေ။

ပညာရေးနှင့် ကျောင်းဆရာသည် ရုပ်နှင့် နာမ် (Body and soul) လိုပါပဲ။ ခွဲထုတ်၍ မရပါ။ ကွဲကွာခဲ့လျှင် ရှင်သန်နိုင်စွမ်းမရှိတော့ပါ။ ပညာရေးကို ရှေ့တန်းမှ အကောင်အထည်ဖော်နေသူများဖြစ်သည့် ကျောင်းဆရာများသာမရှိလျှင် ပညာရေးဆိုတာလည်း မရှိနိုင်တော့ပါ။ ဤကမ္ဘာလောကမှာ လူမှုအသိုင်းအဝိုင်းက လေးစားပြီး ကလေးများ စံထားလောက်သော ကျောင်းဆရာစစ်စစ် (Role model teacher) များမရှိခဲ့လျှင် ဖွံ့ဖြိုးသည့်၊ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းဆိုသည်မှာ ရေထဲမှာ ရေးသောအရုပ်ဘဝမှာပဲ ရှိနေမှာပါ။

ပညာရေးညံ့လျှင် နိုင်ငံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေးနှင့် နိုင်ငံကာကွယ်ရေးလည်း ချွတ်ခြုံကျမှုနှင့် ရင်ဆိုင်ရပါလိမ့်မည်။ ပညာရေးမနိမ့်ကျစေရန်မှာ ယင်းကို အကောင်အထည်ဖော်နေသည့် ကျောင်းဆရာများ၏ စွမ်းရည်သည်လည်း အမြဲတမ်းမြင့်မားထက်မြက်နေရပါမည်။ ဘယ်လိုမှ ညံ့လို့မဖြစ်ပါ။ ဆရာသည် လူ့သမိုင်းစဉ်ဆက် မိမိအသိုင်းအဝိုင်းကို ဦးဆောင်ပြီး ပညာအလင်းရောင်ထွန်းညှိရင်း လူ့သမိုင်းကို မြှင့်တင်နေကြသူများ ဖြစ်လို့ပါ။

မြန်မာတို့သည် "ဘေးရန်ဆီးကာ" ဆိုသည့် ဆရာ၏ မြင့်မြတ်သော တာဝန်ကို ဆောင်းပါးအစတွင် "ဘာထရန်ရပ်ဆဲလ်" က ပြောခဲ့တာထက် နှစ်ပေါင်းထောင်ချီပြီး ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။ ကျောင်းဆရာသည် တပည့်တစ်ဦးချင်းစီကို မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော **"ဉာဏ်ရည်"**၊ **"စိတ်ထား"**၊ **"ပညာ"**နှင့် **"အလေ့အကျင့်"** ကို ဘဝတစ်လျှောက်လုံး ဘေးရန်ကင်းစွာ နေထိုင်သွားတတ်သည်အထိ လေ့ကျင့်ပေးကာ နိုင်ငံသားအားလုံးကို ဘေးအန္တရာယ်အပေါင်းကင်းဝေးအောင် စွမ်းဆောင်နိုင်စွမ်း ရှိကြသူများပါ။

**နိုင်ငံကာကွယ်ရေးအစ စာသင်ခန်းက**

နိုင်ငံကာကွယ်ရေးကို ပြောလိုက်လျှင် ပြည်တွင်း၊ ပြည်ပရန်များကို လက်နက်ကိုင်ပြီး ခုခံကာကွယ်နေကြသည်ကိုပဲ မြင်ကြပါသည်။ ဘရွတ် (Bruke) ဆိုသော ပညာရေးပညာရှင်က **"တကယ်တော့ ပညာရေးဟာ နိုင်ငံကာကွယ်ရေးလုပ်ငန်းပါ"**တဲ့။ လက်နက်ကိုင်ဖျက်ဆီးနေသူများသာလျှင် လူ့အဖွဲ့အစည်း၏ အဖျက်သမားစစ်စစ်မဟုတ်ကြပါ။ သူတို့ကို လက်နက်ကိုင်ဆောင်သည့်အဆင့် ရောက်အောင် စေ့ဆော်ပေးနေသော အန္တရာယ်မျိုးစေ့များကလည်း မူလအဖျက်သမားစစ်စစ်များပါပဲ။ ယင်းတို့မှာ –

(က) အသိဉာဏ်ပညာ ဆင်းရဲမွဲတေခြင်း၊

(ခ) နိုင်ငံကြီးသား စိတ်ထားကင်းမဲ့ခြင်း၊

(ဂ) အကျင့်စာရိတ္တ ချွတ်ခြုံကျခြင်း၊

(ဃ) အမျိုးသားရေး "စံ"များ ပျက်သုဉ်းခြင်း၊

(င) အစွန်းရောက်မှုမြင့်မားခြင်းနှင့် တရားမျှတမှုအားနည်းခြင်း၊

(စ) ဒီမိုကရေစီစိတ်ထားနှင့် အလေ့အကျင့်များခေါင်းပါးခြင်း၊

(ဆ) ဘိုးဘွားအမွေအစစ်ကို ထိန်းသိမ်းရမည်ဟူသော ခံယူချက်ကင်းမဲ့ခြင်းတို့ပါပဲ။

နိုင်ငံသားအများစုထံ ထိုအဖျက်တရားများ ဝင်ရောက်နေပြီး စုမိနေပြီဆိုလျှင်ဖြင့် နိုင်ငံရေးကျိန်စာသင့်ကာ သူတစ်ပါး၏ အဝေးထိန်းစနစ်ဖြင့် မှိုင်းမိပြီး ပြောသမျှယုံကာ ထာဝရလွှမ်းမိုးမှုခံရသည့် ကျွန်ဖြစ်ပြီး ငြိမ်းချမ်းမှုကင်းမဲ့ကာ နိုင်ငံနှင့် လူမျိုးပါ ကမ္ဘာ့မြေပေါ်မှ ကွယ်ပျောက်သွားပါလိမ့်မည်။ ထိုဘဝမျိုး၊ အဖြစ်မျိုးကို မိမိတို့ ဘယ်လိုမှ အရောက်မခံ၊ အဖြစ်မခံနိုင်ပါ။ ယနေ့ခေတ် ကျောင်းဆရာများသည် စာသင်ခန်းထဲတွင် လူမမည်မျိုးဆက်များကို ထိုအဖျက်မျိုးစေ့များ ထိုးဖောက်ဝင်ရောက်မည့်ဘေးမှ ပညာစွမ်းအားဖြင့် ရှုပ်ရှုပ်ချွံချွံ ကာကွယ်နိုင်ပြီး နိုင်ငံ့ကောင်းကျိုးကို အစွမ်းကုန်သယ်ပိုးမည့် **"တန်ဖိုးပြည့် နိုင်ငံသားမျိုးစေ့ကောင်းများ"**ကို မလွဲမသွေဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ **"စာသင်ခန်းသည် ကာကွယ်ရေးမျိုးစေ့ကောင်းဖြစ်သည့် ဉာဏ်ပညာစတင်စိုက်ပျိုးရာနေရာ"** ဟုဆိုပါရစေ။ သို့မှသာ မြန်မာ့လူ့အဖွဲ့အစည်းဟာ မငြိမ်းချမ်းမှုကင်းဝေးပြီး သာယာဖွံ့ဖြိုးမှာပါ။

**(က) အသိဉာဏ်ပညာဆင်းရဲမွဲတေမှုကို တိုက်ဖျက်နေကြသူများ**

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် လူငယ်ပညာတတ်များက အမျိုးသားကျောင်းဆရာ (သခင်နု၊ သခင်မြ၊ ဦးသန့်၊ ဦးရာဇတ်၊ ဦးဘဝင်း၊ ဦးဖိုးကျား...စသူများ) အလုပ်ဝင်လုပ်ကြပြီး ကျွန်ပြုခံထားရသဖြင့် "ဘဝအလင်းရောင်မဲ့" နေသော မြန်မာတိုင်းရင်းသားလူငယ်များကို **"အမျိုးသားပညာရေးဖြင့် ပညာအလင်းရောင်"** ထွန်းညှိပေးခဲ့ပါသည်။ တစ်တိုင်းပြည်လုံး အမျိုးသားရေးစိတ်ဓာတ် ကြွယ်ဝလာကြပြီး တွန်းလှန်ခဲ့ကြသဖြင့် နောက်ဆုံးလွတ်လပ်ရေးရကြကာ မြန်မာတို့ **"သခင်ဘဝ"** ပြန်ရောက်ခဲ့ကြပါသည်။

ပညာဉာဏ်ရောင်သည် ကျွန်ဘဝလူသားကို သခင်ဘဝဆီသို့ ပြောင်းလဲနိုင်စွမ်းရှိခဲ့သည်မှာ သမိုင်းသက်သေပါ။ လူငယ်များက ထိုအစဉ်အလာကောင်းကို မြင်တတ်ရန်နှင့် ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းဖွံ့ဖြိုးစေရန် ကျောင်းဆရာများက လူငယ်များ၏ ပညာတံခါးကို ဖွင့်ပေးရပါလိမ့်မည်။ ပါမောက္ခဘဝမှ အိန္ဒိယသမ္မတကြီးဖြစ်လာသူ အဗ္ဗဒူကာလန်ကတော့ လူငယ်တို့၏ ဦးနှောက်ကို **"ပညာမီးညှိ"**ပေးပါတဲ့။ ကိုယ့်ခေတ်မှာ ကိုယ့်ကောင်းမွန်သည့် သမိုင်းပေးတာဝန်ဖြစ်သော ဖွံ့ဖြိုးငြိမ်းချမ်းသာယာပြီး **"ဂုဏ်ရှိန်မြင့်သည့် မြန်မာ့လူ့ဘောင်ပေါ်ထွန်းရေး"**ကို ကျောင်းဆရာများ ဆက်လက်ကျေပွန်အောင် ထမ်းဆောင်ရပါလိမ့်မည်။

**(ခ) နိုင်ငံကြီးသားများ မွေးထုတ်ပေးနိုင်ကြသူများ**

နိုင်ငံနှင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှု၊ သာယာမှု၊ ဖွံ့ဖြိုးမှုရှိရန်ဆိုလျှင် ထိုလူ့အဖွဲ့အစည်းဝင်တိုင်းက **'နိုင်ငံကြီးသားစိတ်ထား'**ဆိုသည့် တာဝန်သိမှု၊ တာဝန်ယူမှု၊ စည်းကမ်းကို ရိုသေလေးစားတန်ဖိုးထားမှုနှင့် ကိုယ်ချင်းစာတရားများနှင့် ပြည့်စုံရပါမည်။ မိမိ၏ ကိုယ်ကျိုးစီးပွားသယ်ပိုးမှုက သူများအကျိုးမထိခိုက်စေရန်နှင့် မိမိလုပ်သမျှသည် အနည်းဆုံး မိမိဝန်းကျင်ကောင်းကျိုးသယ်ပိုးနိုင်မှု ပြည့်စုံရမည်ဆိုသည့် **"ပရဟိတ"** စိတ်ထား ပိုင်ဆိုင်ရပါမည်။ ထို့အပြင် အချင်းချင်းတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရိုင်းပင်းကူညီမှု၊ 

**စာမျက်နှာ ၁၁ သို့** ❖




**❛ နိုင်ငံသားအများစုထံ ထိုအဖျက်တရားများ ဝင်ရောက်နေပြီး စုမိနေပြီဆိုလျှင်ဖြင့် နိုင်ငံရေးကျိန်စာသင့်ကာ သူတစ်ပါး၏ အဝေးထိန်းစနစ်ဖြင့် မှိုင်းမိပြီး ပြောသမျှယုံကာ ထာဝရလွှမ်းမိုးမှုခံရသည့်ကျွန်ဖြစ်ပြီး ငြိမ်းချမ်းမှုကင်းမဲ့ကာ နိုင်ငံနှင့် လူမျိုးပါ ကမ္ဘာ့မြေပေါ်မှ ကွယ်ပျောက်သွားပါလိမ့်မည်။ ထိုဘဝမျိုး၊ အဖြစ်မျိုးကို မိမိတို့ ဘယ်လိုမှ အရောက်မခံ၊ အဖြစ်မခံနိုင်ပါ။ ယနေ့ခေတ် ကျောင်းဆရာများသည် စာသင်ခန်းထဲတွင် လူမမည်မျိုးဆက်များကို ထိုအဖျက်မျိုးစေ့များ ထိုးဖောက်ဝင်ရောက်မည့်ဘေးမှ ပညာစွမ်းအားဖြင့် ရှုပ်ရှုပ်ချွံချွံ ကာကွယ်နိုင်ပြီး နိုင်ငံ့ကောင်းကျိုးကို အစွမ်းကုန်သယ်ပိုးမည့် "တန်ဖိုးပြည့် နိုင်ငံသားမျိုးစေ့ကောင်းများ" ကို မလွဲမသွေဖြည့်ဆည်းပေးရန် တာဝန်ရှိပါသည်။ "စာသင်ခန်းသည် ကာကွယ်ရေးမျိုးစေ့ကောင်းဖြစ်သည့် ဉာဏ်ပညာစတင်စိုက်ပျိုးရာနေရာ" ဟု ဆိုပါရစေ။ သို့မှသာ မြန်မာ့လူ့အဖွဲ့အစည်းဟာ မငြိမ်းချမ်းမှုကင်းဝေးပြီး သာယာဖွံ့ဖြိုးမှာပါ ❜**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။



**ဆုများချီးမြှင့်**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပရာ အမျိုးသား အမျိုးသမီး မီတာ(၄၀၀) လေးယောက်တွဲ လက်ဆင့်ကမ်းပြေးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ(၁၅၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ(၁၀၀) အပြေးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနည်း အမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အားကစားသမားများအား တပ်မတော် ပြေးခုန်ပစ်ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မင်းမင်းအောင်နှင့် ဗိုလ်မှူးကြီး အေးမင်းသန့်တို့က လည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆု၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသား အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသော ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် အသင်းတို့အား ဗိုလ်ချုပ် လှမိုးက လည်းကောင်း ဆုများချီးမြှင့်သည်။

**ယှဉ်ပြိုင်ကစား**

၂၀၂၄ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(A)တွင် လည်းကောင်း၊ တပ်မတော်(ကြည်း၊ရေ၊ လေ) အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(B)တွင် အမျိုးသား ကွာတားအဆင့် ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေး စခန်းရှိ တပ်နယ်အားကစားခန်းမ၌လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၁၀ မှ

နားလည်မှု၊ လေးစားတန်ဖိုးထားမှုများ ပြည့်လွှမ်းနေမှု၊ နိုင်ငံနှင့် မိမိအသိုင်းအဝိုင်းကို နိမ့်ကျတာမခံချင်စိတ်၊ မြှင့်တင်လိုစိတ်၊ မိမိလူမျိုးနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ပြီး မြှင့်တင်လိုစိတ်များလည်း ပြည့်နေရပါမည်။

အထက်ပါ မြင့်မြတ်စိတ်ထား ပိုင်ဆိုင်လာစေရန် ကျောင်းဆရာသည် ကလေးဘဝအချိန်ကတည်းက လေ့ကျင့်ပေးခြင်းဖြင့် မျိုးဆက်သစ်များတွင် ကြီးနိုင်ငယ်ညှဉ်းပြုတတ်သူ၊ အတ္တကြီးသူ၊ ရန်လိုစိတ်ကြီးသူ၊ စာနာစိတ်မရှိသူ၊ တာဝန်ယူမှုကင်းသူ၊ စည်းကမ်းမဲ့၊ တာဝန်မဲ့သူ စသည့် လူ့လောက၏ ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီးမည့် ဗီဇဆိုး၊ ဗီဇညံ့များအားလုံး ပျောက်ကွယ်သွားပါလိမ့်မည်။ ထိုဗီဇဆိုးများပျောက်ပြီး လောကပါလတရားများ လွှမ်းမိုးနေသည့် နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝသူများနိုင်သမျှ များများကို ကျောင်းဆရာများက မွေးထုတ်နိုင်ပြီဆိုလျှင် လူ့အဖွဲ့အစည်းလည်း အဖျက်အန္တရာယ်ကင်းပြီး ငြိမ်းချမ်းမှုအပေါင်းနှင့် ပြည့်ဝလာပါလိမ့်မည်။

**(ဂ) မျိုးဆက်တိုင်းကို အကျင့်စာရိတ္တမြင့်မားအောင် မြှင့်တင်နေကြသူများ**

လူ့တန်ဖိုးမြှင့်တက်ခြင်းနှင့် ဖွံ့ဖြိုးမှုကို တိုင်းတာသည့် **“စံပေတံ”** များအနက် **“စာရိတ္တပေတံ”** သည် ရှေးအကျဆုံးနှင့် ခေတ်အမီဆုံးဖြစ်၍ ယနေ့တိုင်ထိပ်ဆုံးမှထားပြီး တိုင်းတာနေဆဲပါ။ **“ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းသာယာမှု၏ အခြေခံအုတ်မြစ်ပါပဲ၊ ပညာရေး၏ အနှစ်သာရ၊ ပညာရေး၏ အဆုံးစွန်ဆုံးပန်းတိုင်သည် အကျင့်စာရိတ္တပျိုးထောင်ရေး”** ဟု ဂရိအတွေးအခေါ် ပညာရှင်ကြီး **“ပလေတို”**က ပြောခဲ့ပါသည်။ မြန်မာ့ပညာရေးတွင် နှစ်ပေါင်းထောင်ချီပြီး ကျင့်သုံးခဲ့သည်မှာ **“ဗလငါးတန်”** ခိုင်မာရေးပါ။ ထိုအထဲမှာ **“စာရိတ္တဗလ”** ကြံ့ခိုင်ရေးကို ရှေ့ဆုံးမှာထား လေ့ကျင့်ပေးနေပါသည်။

**“ကလေးများကို စာရိတ္တဖွံ့ဖြိုးအောင်၊ ခိုင်မာအောင် လေ့ကျင့်မပေးဘဲ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်သက်သက်လောက်ကိုသာ သင်ပေးလိုက်လျှင် လူ့တန်ဖိုးအစစ်ကို ချန်ထားခဲ့သည်မို့ ပညာရေး၏ အဓိကတာဝန်ကို ကျောင်းဆရာများက မျက်ကွယ်ပြုလိုက်တာပါပဲ”**တဲ့။ ဒါကလည်း ဆောင်းပါးအစတွင် ပြောခဲ့သူ ဘာထရန်ရပ်ဆဲလ်၏ အဆိုပါပဲ။ ကျောင်းဆရာတို့၏ အဓိကတာဝန်ကို ချန်ထားလို့ မဖြစ်ပါ။ မဖြစ်မနေထမ်းဆောင်ရပါမည်။ အဲဒီတာဝန်လစ်ဟင်းခဲ့၍ အနာဂတ်လူ့ဘောင်တွင် **“တန်ဖိုးနိမ့်လူသား”** များသာ ပြည့်လျှံနေခဲ့လျှင် မြန်မာ့လူ့အဖွဲ့အစည်းသည် ဖွံ့ဖြိုးမှုပန်းတိုင်နှင့် အလှမ်းကွာဝေးသွားမှာပါ။

ပညာရေးပညာရှင် **“လစ်ဗင်စတုန်း”** ကလည်း **“သမိုင်းမှာရော ယနေ့မှာပါ ကြုံတွေ့နေရသည့် နိုင်ငံရေးပြဿနာဆိုတာတွေက လူ့စာရိတ္တအားနည်းမှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများပါပဲ”**တဲ့။ စာရိတ္တသည် လူ့သမိုင်းနှင့်ချီပြီး ခိုင်မာလာခဲ့သည့် လူသား၏ တန်ဖိုးအစစ်အမှန်ပါ။ လူ့အဖွဲ့အစည်း ငြိမ်းချမ်းဖို့၊ သာယာဖို့ တည်ရှိလာခဲ့တာပါ။ ချည့်နဲ့ယိမ်းယိုင်ခဲ့လျှင် လူ့သမိုင်းဒုက္ခနှင့် ရင်ဆိုင်ရတော့တာပါပဲ။ လူ့သမိုင်း ဘယ်လိုတိုးတက်တိုးတက်၊ ထိုတိုးတက်တာနှင့်အတူ ယှဉ်တွဲပြီး အတူပါလာသည်မှာ **“ကြံ့ခိုင်တဲ့ စာရိတ္တမဏ္ဍိုင်”** ပါပဲ။ သူကသာ ဖွံ့ဖြိုးမှုအစစ်အမှန်ကို ထိန်းသိမ်းနိုင်စွမ်းရှိလို့၊ လမ်းညွှန်ပြနိုင်လို့ပါ။

စစ်မှန်သည့် လူ့တန်ဖိုးဆိုတာ ရိုးသားမှု၊ တရားမျှတမှု၊ နိုင်လိုမင်းထက်ကင်းမှု၊ သည်းခံမှု၊ မနာလိုဝန်တိုစိတ်ကင်းမှု၊ လူ့ကျင့်ဝတ်နှင့် စည်းကမ်းကိုရိုသေလေးစားမှုနှင့် စာရိတ္တမြင့်မားမှုစတာတွေပါ။ ယနေ့ မိမိတို့၏ ကျောင်းဆရာများတွင် ထိုတန်ဖိုးကို ဦးထိပ်ထားပြီး ကိုယ်တိုင်လည်းကျင့်ကြံကာ လူငယ်များကိုလည်း လေ့ကျင့်ပေးနိုင်ပါမှသာ စာရိတ္တခိုင်မာသော ဖွံ့ဖြိုးငြိမ်းချမ်းမှုပြည့်လျှမ်းသည့် နိုင်ငံ့၏ အုတ်မြစ်ကို ချနိုင်စွမ်းရှိကြပြီး နိုင်ငံကို ကာကွယ်ပေးနေသော **“ကျောင်းဆရာ”** ဘဝ ရောက်ကြမှာပါ။

**(ဃ) အမျိုးသား “စံ” များပျက်သုဉ်းမှုကို ထိန်းသိမ်းကာကွယ်နေကြသူများ**

ပညာရှင်များက **“ကမ္ဘာ့လူမျိုးစုငယ်လေးများ အလျင်အမြန်ပျောက်ကွယ်နေပါပြီ။ ထိန်းသိမ်းပေးကြပါတဲ့။”** လူမျိုးကွဲများနှင့် သွေးနှောပြီး လူမျိုးခံရ၍ မဟုတ်ပါ။ လူမျိုးတစ်မျိုးလို့ သတ်မှတ်နိုင်သည့် **“အမျိုးသားစံ”**များဖြစ်သည့် **“ဘာသာစကား”**၊ **“စာပေ”**၊ **“အနုပညာ”**၊ **“ဂီတ”**၊ **“ရိုးရာဓလေ့”**နှင့် **“ဝတ်စားဆင်ယင်မှု”** များ ပျောက်ဆုံးကုန်လို့ပါ။ အရှေ့တိုင်းဆိုလျှင် အနောက်တိုင်းယဉ်ကျေးမှုက နည်းမျိုးစုံဖြင့် ထိုးဖောက်ပြီး ဖျက်ဆီးခြင်းကို ခံနေရပါသည်။ ထို့အတူ ဘာသာစကားကြီး ငါးမျိုး၊ (တရုတ်၊ အာရေဗျ၊ ဟင်ဒီ၊ အင်္ဂလိပ်နှင့် စပိန်) တို့က ဝါးမျိုသဖြင့် ကမ္ဘာ့ဘာသာစကားငယ်ပေါင်း နှစ်စဉ် ၁၀၀ ခန့် ပျက်သုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသတဲ့။

ယနေ့ ၂၁ ရာစုနှင့် ခေတ်မီပညာရေးဆိုသည်မှာ လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအား ဝင်ရောက်ကျူးကျော်လွှမ်းမိုးသည်ကို ကြံ့ကြံ့ခံတွန်းလှန်နိုင်ပြီး မိမိလူမျိုး၏ “အမျိုးသားစံ” များကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်စွမ်းရှိနေအောင် လေ့ကျင့်ပေးရမည့်ပညာရေးပါ။ ဤသို့နိုင်ငံနှင့်လူမျိုး၏ **“အမျိုးသားစံ”** များကို ကာကွယ်ထိန်းသိမ်းရင်း မိမိလူမျိုး၊ နိုင်ငံနှင့် လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးခြင်းဆီသို့ ချီတက်သွားနေသည့် ပညာရေးသည် **“မူဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်နိုင်စွမ်းရှိသည့် ပညာရေး”** အမျိုးအစားပါ။

အမျိုးသားရေး ကိုယ်ခံစွမ်းအားနည်းသည့် ဒေသများတွင် လူမျိုးစုငယ်များ၏ **“စံ”** များ အလျင်အမြန်ပျောက်ဆုံးနေသည်ကို ကမ္ဘာတစ်ဝန်း၌ တွေ့ရပါသည်။ ကျောင်းဆရာသည် ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်မြှင့်တင်ပေးရန် တခြားလူတန်းစားထက် ပိုမိုတာဝန်ရှိသည်ဖြစ်၍ အထူးသဖြင့် တိုင်းရင်းသားပေါင်းစုံသည့် မိမိတို့နိုင်ငံတွင် မိမိနှင့်နီးစပ်ရာ ယဉ်ကျေးမှုကို ကိုယ်တိုင်နားလည်ကာ ယင်းကိုချစ်တတ်၊ မြတ်နိုးတတ်ပြီး မြှင့်တင်နိုင်သည့် ခွန်အားနှင့်လည်း ပြည့်စုံရပေမည်။ နိုင်ငံသူနိုင်ငံသားများ၏ **“အမျိုးသားစံ”**များ ပျောက်ပြီး လူမျိုးကွယ်ပျောက်မည့် အန္တရာယ်ကို တားဆီးကာကွယ်ရန်အတွက် မိမိနိုင်ငံနှင့် လူမျိုး၏ **“ဝိသေသစံ”** များကို ချစ်မြတ်နိုးတန်ဖိုးထားတတ်အောင် ကျောင်းဆရာများက မြန်မာတိုင်းရင်းသားမျိုးဆက်သစ်များကို မလွဲမသွေ လေ့ကျင့်သင်ကြားပေးရမည့်အချိန်ပါ။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် အမျိုးသားကျောင်းဆရာများက မိမိတို့၏ တပည့်များကို အမျိုးသားရေးသန္ဓေမျိုးစေ့များ ချပေးခဲ့ပါသည်။

ကိုယ့်ယဉ်ကျေးမှု၊ စာပေ၊ စကားအပေါ် အင်္ဂလိပ်တို့၏ ယဉ်ကျေးမှုကျူးကျော်မှုကို တွန်းလှန်ကာကွယ်ခဲ့သဖြင့် မြန်မာစာပေနှင့် မြန်မာစကားသည် ယနေ့တိုင် ထည်ထည်ဝါဝါဖြင့် တည်ရှိနေဆဲပါ။ ယနေ့မှာ မိမိတို့နိုင်ငံသည် ကမ္ဘာကိုလွှမ်းမိုးသော ဘာသာစကားကြီးနှစ်ခုဖြစ်သည့် တရုတ်နှင့် ဟင်ဒီဘာသာစကားများကြားမှာ ရောက်နေသည်မို့ အလွန်စိုးရိမ်နေရသော အချိန်နှင့် အခြေအနေပါ။ ပြီးတော့ ကမ္ဘာသုံးစကားဖြစ်သည့် အင်္ဂလိပ်စာကိုလည်း သင်ယူနေသေးတာကြောင့် ယနေ့မြန်မာကျောင်းဆရာများသည် သတိအမြဲကပ်ပြီး မိမိတို့၏ စာပေနှင့် ဘာသာစကားကို ထိန်းသိမ်းကာကွယ်မြှင့်တင်နေရပါလိမ့်မည်။ တစ်ချိန်က မြင့်မားသည့် သမိုင်းအစဉ်အလာကောင်းကို မလွဲမသွေ ဆက်လက်ထိန်းသိမ်းနိုင်ပါမှ မြန်မာစာ၊ မြန်မာစကားနှင့် ရိုးရာယဉ်ကျေးမှုများသည် ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့ရှင်သန် ဖွံ့ဖြိုးနိုင်မှာပါ။

(ဆက်လက်ဖော်ပြပါမည်)



# မရမ်းကုန်းမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များသည် ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရေကူး)ဝန်ထမ်းအိမ်ရာတွင် စာရင်းများကောက်ယူလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ကွင်းဆင်းကောက်ယူနေမှုကို ခရိုင်သန်းခေါင်စာရင်းကော်မတီဝင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ဖြိုးအောင်ဟိန်းနှင့် ခရိုင်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီအတွင်းရေးမှူး မရမ်းကုန်းခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးခိုင်အုန်းနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်နှင့် အတွင်းရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးသန့်စင်တို့က ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စွမ်းရည်သတ္တိဆိုင်ရာ ဆုတံဆိပ်ရရှိသူများအား ဆုချီးမြှင့်

**ထားဝယ် အောက်တိုဘာ ၃**

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ထွန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စွမ်းရည်သတ္တိဆိုင်ရာ ရဲဗလဆုတံဆိပ်ရရှိသည့် ရဲအုပ်အောင်လင်းနှင့် ရဲအုပ် မျိုးလှိုင်ဝင်းတို့ နှစ်ဦးနှင့် မှုခင်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် မောင်ကိုကိုတို့အား ဆုချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာသောဧည့်သည်တော်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဆောင်ရွက်ချက်များ ဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး၌ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ပုသိမ် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက်တွင် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်းက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**




## ရွှေပညာဒါန (အခမဲ့)ရွှေပညာသင်တန်းအမှတ်စဉ် (၃၄) ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရွှေပညာဒါန (အခမဲ့) ရွှေပညာသင်တန်း အမှတ်စဉ်(၃၄) ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် ဖွင့်လှစ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ပြောကြားသည်။

သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်း၊ ရွှေပန်းထိမ်၊ ရွှေဒင်္ဂါး/ငွေဒင်္ဂါး ရွှေအပေါင်ခံခြင်း၊ ကျောက်မျက်ပညာ၊ အသုံးချရွှေသင်္ချာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း အစရှိသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းကို အောက်တိုဘာ ၂ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



**မြဝတီ အောက်တိုဘာ ၃**

## မြဝတီခရိုင်ရဲတပ်ဖွဲ့ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ခရိုင်ရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ပေးပို့သောသဝဏ်လွှာကို မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးကျော်ဟိန်းက ဖတ်ကြားသည်။ ထို့နောက် လူ/လက်နက် ခဲယမ်း ထိခိုက်/ပါဆုံးရှုံးမှုမရှိအောင် တိုက်ပွဲဝင်ခဲ့သည့် တပ်ဖွဲ့ဝင် ၁၃ ဦး၊ လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင် သုံးဦး၊ နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆု ငါးဆု၊ ရဲတပ်ဖွဲ့နှင့် ရဲလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူ ပြည်သူငါးဦးနှင့် ရဲမှုထမ်းဟောင်း ၃၆ ဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ နယ်မြေခံတပ်နယ်မှဗိုလ်မှူး ဇော်ဟံဦးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ငွေသားဆုနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇာဖြူဝင်း(မြဝတီ)**



## သထုံမြို့ရှိ စေတနာရောင်းဝယ်ရေး သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ပြုလုပ်

**သထုံ အောက်တိုဘာ ၃**

မွန်ပြည်နယ် သထုံမြို့ရှိစေတနာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက နန်းခဲရပ်ကွက်ရှိ အဆိုပါအသင်းဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာစိုးက အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူတို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် စေတနာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်ကာ ငါးနှစ်တာဆက်လက်တာဝန်ယူဆောင်ရွက်ကြမည့် အမှုဆောင်အသစ်များကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်၍ သမဝါယမအသင်း၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရွေးချယ်ပေးခဲ့ကြပြီး အသင်းသားအားလုံးတို့၏ အတည်ပြုချက်ရယူကာ ဖွဲ့စည်းပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## ကျိုက်ထိုမြို့နယ် အမက(ဝိမလ)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်



**ကျိုက်ထို အောက်တိုဘာ ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ အမက (ဝိမလ) ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဟန်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများက ကျောင်းသားကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကိုစိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကောဝပ်နယ်မြေသို့ ယခုနှစ်ပထမကိုးလအတွင်း နိုင်ငံခြားသားခရီးသွားခုနစ်သိန်းနီးပါး လာရောက်လည်ပတ်

**ဖနောင်ပင် အောက်တိုဘာ ၃**

ကမ္ဘောဒီးယားနိုင်ငံ၏ ကျော်ကြားသော အန်ကောဝပ် ရှေးဟောင်းသုတေသနနယ်မြေသို့ ၂၀၂၄ ခုနှစ် ပထမကိုးလအတွင်း နိုင်ငံတကာ ခရီးသွား ၆၉၉၈၅၀ လာရောက်လည်ပတ်ခဲ့ပြီး ယမန်နှစ် အလားတူကာလက ၅၃၉၅၆၁ ဦး လာရောက်ခဲ့ခြင်းကြောင့် ၂၉ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကောဝပ်နယ်မြေသည် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း လက်မှတ်ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ သန်းရရှိခဲ့ပြီး ယမန်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၂၅ သန်းခန့်ရှိခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်း တိုးလာကြောင်း နိုင်ငံပိုင် Angkor Enterprise ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဒေသသို့ လာရောက်လည်ပတ်ခဲ့သည့် အဓိကနိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ တောင်ကိုရီးယားနှင့် တရုတ်တို့ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် စက်တင်ဘာလတစ်လတည်းမှာပင် အန်ကောဝပ်ဒေသသို့ အားလပ်ရက်အပန်းဖြေခရီး လာရောက်သူ ၄၇၉၉၃ ဦးရှိခဲ့ပြီး ယမန်နှစ် အလားတူလနှင့်နှိုင်းယှဉ်ပါက ၁၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် အမေရိကန် ဒေါ်လာ ၂ ဒသမ ၁၈ သန်းဝင်ငွေရရှိခဲ့ခြင်းကြောင့် ဝင်ငွေအားဖြင့် ၁၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့သည့် အန်ကောဝပ်သည် ကမ္ဘောဒီးယား နိုင်ငံ၌ အကျော်ကြားဆုံး ခရီးသွားနေရာတစ်ခုဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# စင်ကာပူပို့ဆောင်ရေးဝန်ကြီးဟောင်း ဆူဗရာမန်နန်အစ်ဝါယန်းအား အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်ချမှတ်



**စင်ကာပူ အောက်တိုဘာ ၃**

စင်ကာပူ ပို့ဆောင်ရေးဝန်ကြီးဟောင်း ဆူဗရာမန်နန်အစ်ဝါယန်းအား ဝန်ကြီးအဖြစ် ရာထူးတာဝန်ထမ်းဆောင်စဉ်က စီးပွားရေးသမားများထံမှ အမေရိကန် ဒေါ်လာ သုံးသိန်းကျော်နှင့် ညီမျှသည့် လက်ဆောင်များကို ရယူမှုဖြင့် ထောင်ဒဏ် ၁၂ လ ချမှတ်ခဲ့ကြောင်း သိရသည်။

ပြည်သူ့ဝန်ထမ်း တစ်ဦးအနေဖြင့် တန်ဖိုးကြီး လက်ဆောင်ပစ္စည်းများရယူပြီး ဥပဒေအား မျက်ကွယ်ပြုခဲ့သဖြင့် အပြစ်ရှိကြောင်း ပြီးခဲ့သည့် သီတင်းပတ်က တွေ့ရှိခဲ့ပြီးနောက် ယခုစီရင်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

**ပထမဆုံးအဂတိလိုက်စားမှု**

၎င်းရယူခဲ့သည့် အကျိုးခံစားခွင့်များမှာ ကာတာနိုင်ငံသို့ ကိုယ်ပိုင်လေယာဉ်ဖြင့် ခရီးစဉ်တစ်ခုသွားရောက်ခဲ့ခြင်း၊ စင်ကာပူ ဖော်မြူလာဝမ်း ပြိုင်ကားမောင်းပြိုင်ပွဲ ကြည့်ရှုရန် အခမဲ့လက်မှတ်များရယူခြင်း၊ တန်ဖိုးကြီး ယမကာပုလင်းရယူခြင်းနှင့် အဆင့်မြင့် စက်ဘီးရယူခဲ့ခြင်းတို့ဖြစ်သည်။ ယခု အဂတိလိုက်စားမှုသည် ဆယ်စုနှစ်ငါးခုအတွင်း နိုင်ငံ၏ ပထမဆုံး အဂတိလိုက်စားမှုဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# ဂါဇာ၌ ငတ်မွတ်ခေါင်းပါးမှုဘေး ကြုံတွေ့နေဟု ကုလသမဂ္ဂတာဝန်ရှိသူ သတိပေးပြောကြား

**ဂါဇာ အောက်တိုဘာ ၃**

ဂါဇာကမ်းမြောင်ဒေသ၌ ငတ်မွတ်ခေါင်းပါးမှုဘေး ကြုံတွေ့နေကြောင်း ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီ အကြီးအကဲ ဖိလစ်လက်ဇာရီနီက ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းအရ သိရသည်။

**မြင့်တက်လာ**

ဩဂုတ်လတွင် ဂါဇာရှိ လူပေါင်း တစ်သန်းကျော်သည် စားရေရိက္ခာပြတ်လပ်နေကြောင်းနှင့် ယင်းပမာဏသည် စက်တင်ဘာလတွင် ၁ ဒသမ ၄ သန်းအထိ မြင့်တက်လာခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုကဲ့သို့ စားရေရိက္ခာပြတ်လပ်နေရခြင်းသည် ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ရိက္ခာပို့ယာဉ်များ လွတ်လပ်စွာဝင်ရောက်ခွင့် မရခြင်း၊ လုံခြုံမှုမရှိခြင်း၊ လမ်းများ ပျက်စီးနေခြင်းနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားနေခြင်းကြောင့်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

တိုက်ပွဲများကြောင့် သီးနှံစိုက်ခင်းများ၏ ၇၀ ရာခိုင်နှုန်းပျက်စီးကာ အငတ်ဘေး ကြုံရခြင်းဖြစ်သည်ဟု သိရသည်။ ဂါဇာဒေသခံများအတွက် အမှန်တကယ်လိုအပ်သည့်အရာမှာ အပစ်အခတ်ရပ်စဲရေးဖြစ်သည်ဟု ၎င်းကမှတ်ချက်ပြု ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားရှိ လက်နက်သိုလှောင်ရုံ ထိမှန်ပျက်စီး

**ဂျေရုဆလင် အောက်တိုဘာ ၃**

အစ္စရေး မောင်းသူမဲ့လေယာဉ်က ဆီးရီးယားနိုင်ငံ ကမ်းရိုးတန်းမြို့ဖြစ်သည့် ဂျက်လက်မြို့၌ အောက်တိုဘာ ၃ ရက်တွင် လက်နက်သိုလှောင်ရုံကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က သတင်း ထုတ်ပြန်ခဲ့သည်။

**ပြန်လည်တုံ့ပြန်ခဲ့**

ဆီးရီးယားလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့နှင့် ရုရှားတပ်ဖွဲ့များသည် ယင်းတိုက်ခိုက်မှုကို မိနစ် ၄၀ မှ ၅၀ အတွင်း ပြန်လည်တုံ့ပြန်ခဲ့ကြောင်း သိရသည်။ အဆိုပါလက်နက် သိုလှောင်ရုံသည် ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း Latakia ပြည်နယ်တွင် တည်ရှိသော အကြီးဆုံး ရုရှားလေတပ်စခန်းဖြစ်သည့် Hmeimim လေတပ်စခန်းအနီးတွင် တည်ရှိသည်။

ယင်းတိုက်ခိုက်မှုအတွင်း အသေအပျောက် သတင်းများကို ချက်ချင်းထုတ်ပြန်ခြင်းမရှိသေးပေ။

အဆိုပါတိုက်ခိုက်မှုသည်ယခုသီတင်းပတ်အတွင်း ဆီးရီးယားတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။



ဟစ်ဇ်ဘိုလာခေါင်းဆောင် ဆာယိဟာဆန် နတ်ဆာလာ၏သမက်ဖြစ်သူ ဟာဆန်ဂျက် ဖာကွီဆာ အပါအဝင် လက်ဘနွန်နိုင်ငံသား နှစ်ဦးသည် ဒမတ်စကတ်မြို့ရှိ နေအိမ်တွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်က အထည်ချုပ်ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းပေါင်း ၃၅၀၀ ကို ဆွဲဆောင်ထား



**ဟနွိုင်း အောက်တိုဘာ ၃**

ဗီယက်နမ်နိုင်ငံသည် လက်ရှိအချိန်တွင် အထည်ချုပ်နှင့် အထည်အလိပ်လုပ်ငန်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီမံကိန်းပေါင်း ၃၅၀၀ ကို ဆွဲဆောင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၇ ဘီလီယံ တန်ဖိုးရှိကြောင်း ဗီယက်နမ် အထည်ချုပ်နှင့် အထည်အလိပ်အသင်း၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ပြောကြားသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကော်ပိုရေးရှင်းသည် ဗီယက်နမ်နိုင်ငံ၌ ခေတ်မီအထည်ချုပ်နှင့် အထည်အလိပ်စက်ရုံများ တည်ဆောက်ရန် ငွေအများအပြားသုံးစွဲခဲ့ကြကြောင်း အထည်ချုပ်နှင့် အထည်အလိပ်အသင်းမှ သိရသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် စွမ်းအင်ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ အဆောက်အအုံဆိုင်ရာ နည်းပညာစံနှုန်းများနှင့် ဥပဒေများကို ဂရုတစိုက် ထည့်သွင်းစဉ်းစားသင့်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ အထည်ချုပ်နှင့် အထည်အလိပ်လုပ်ငန်းသည် ယခုနှစ်အတွင်း ပို့ကုန်တန်ဖိုး ဒေါ်လာ ၄၄ ဘီလီယံအထိရရှိရန် ရည်မှန်းထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ကလေးမြို့နယ်၌ ဆိုင်ကယ်ခိုးမှုများ ဖမ်းဆီးရမိ

ကလေး အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ခိုးဆိုးလုယက်မှုများ၊ မူးယစ်ဆေးဝါးမှုများ ပပျောက်စေရေးအတွက် ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်ဝင်း၏ ကြီးကြပ်မှုဖြင့် နယ်မြေအတွင်း ကင်းလှည့်ဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် ဆိုင်ကယ်မျိုးစုံ အစီး ၂၀ နှင့် ဘေးတွဲဆိုင်ကယ် နှစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက်တွင် ကလေးမြို့ တာဟန်း-ဆည်ကြီးကားလမ်း၊ သဇင်ကားလမ်းပေါ်တို့တွင် စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဝေဖြိုးအောင်နှင့် ငြိမ်းချမ်း(ခ) သန့်ဇင်အောင်တို့ စီးနင်းမောင်းနှင်လာသော New Anbo 125 ဆိုင်ကယ်အားစစ်ဆေးခဲ့ရာ ဆိုင်ကယ်ခိုးယူရာတွင် အသုံးပြုသည့် မာစတာကီးတစ်ချောင်းကို တွေ့ရှိခဲ့ပြီး ဆက်လက်စစ်ဆေး ဆောင်ရွက်ခဲ့ရာ ခိုးယူထားသည့် မော်တော်ဆိုင်ကယ်မျိုးစုံ ၁၆ စီးနှင့် ဘေးတွဲနှစ်စီးတို့ကို သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ ကလေးမြို့ စမ်းမြို့ရပ် မြို့မမြို့ပတ်လမ်းမပေါ်တွင် ချမ်းမြေ့အောင်(ခ) ဘပျော့ မောင်းနှင်လာသော ယိုးဒယားနိုင်ငံထုတ် Auto Scopy Honda ဆိုင်ကယ်အားစစ်ဆေးခဲ့စဉ် ဆိုင်ကယ်ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိသောကြောင့် အမှုဖွင့်စစ်ဆေးခဲ့ရာ ခိုးယူထားသော မော်တော်ဆိုင်ကယ် လေးစီးကို သိမ်းဆည်းရမိခဲ့ပြီး ပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးနှင့် ကလေးမြို့မရဲစခန်းတွင် တရားခံများအား အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာအလုံး ၃၀ အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၈၅၆၃၇၁)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၃၅ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန် သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၃၇၉၁၂၈၆)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၅ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၆၀၅၆၄၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၈၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၀၉၃၃၂၉၇ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ လိုင်စင်မဲ့ ဆိုင်ကယ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့ Toyota Ipsum ယာဉ်တစ်စီးနှင့် Toyota Lexus ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေး ယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် အဝေးပြေးကားဝင်းအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးဝမြို့ ရွှေမုဋ္ဌောဘုရားအနီး၌ လိုင်စင်မဲ့ Dathatisu Hijet ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၉၅၈၃၂၉၇) ဖြစ်ကြောင်းတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၀-၂၀၂၄ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အာဋာနာဋိယသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၉:၄၅ | Soccer View |
| ၁၀:၂၅ | လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး |
| ၁၀:၃၅ | လူမှုစီးပွားသတင်းများ |
| ၁၁:၁၀ | လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ဂတေးကွက်' (အပိုင်း-၁၅) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၇) |
| ၁၄:၅၀ | မျိုးဗုဏ်တင့်စေဆိုကရေးတီးအမွေ |
| ၁၅:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၆:၄၅ | (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေး၊ အတီးပြိုင်ပွဲ မဟာဂီတအကဲဖြတ်လုပ်ငန်း အဖွဲ့ စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် |
| ၁၇:၁၅ | မွန်တိုင်းရင်းသားတို့၏ရိုးရာဝလေ့ ရွှေအိုးငွေအိုးမြှုပ်ပွဲ |
| ၁၇:၂၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ခုနှစ်၊ စက်တင်ဘာလ)(စတုတ္ထပိုင်း) |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ဂတေးကွက်' (အပိုင်း-၁၇) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'အချစ်တေးကဗျာ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon) |
| 07:08 | The Mandolinist |
| 07:36 | Healthy Soil, Healthy Food, Healthy People |
| 07:55 | Listening Pleasure, Instrumental Music (Piano) Can't help falling in love with you |
| 08:01 | News |
| 08:26 | Global Updates: The Extinction of the World's Mountain Glaciers |
| 08:32 | The Outstanding Ones |
| 08:39 | A Trip to Gyobyu Reservoir (Part-2) |
| 09:01 | Listening Pleasure, Instrumental Music (Don Min) Kyay Say Ta Man (Love Messenger) |
| 09:15 | Myanmar Athelete Nyein Chan |
| 09:38 | Xylophones' Home |
| 10:01 | News |

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
စာအတူတူဖတ်ကြရအောင်

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
စားချင်စဖွယ်ကချင်ဆာဖြယ်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)

**ပအိုဝ်းကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရိုးရာအဆင်များဖြင့်ပေါ်လွင်လှပနေသောဖိနပ်များ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဩဇာသီးရဲ့အကျိုးကျေးဇူး

**ချင်း(လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
JH Thang ရဲ့ရင်တွင်းသီချင်း

**ချင်း(ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ကျူလောင်းကျေးရွာလုံ့ယူးပွဲ

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
သစ်တိုသီးဝက်သားချက်နဲ့မျှစ်ဟင်းရည်

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းရိုးရာရှင်ပြုပွဲအကြောင်း(အပိုင်း-၄)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ပူးပွင့်စုံညီပန်းလှရာသီ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၇:၄၅ | အသိပညာနှင့်အမှန်တရား |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၀:၄၅ | Soccer View |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဆွစ်ဇာလန်နိုင်ငံ' |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၅) |
| ၁၈:၀၀ | Economic Review |

### MRTV FARMERS' Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | တောင်သူအများပြုံးရွှင်ဖို့ ချည်မျှင်ရှည်ဝါ စိုက်ကြပါစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၇:၁၅ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး |
| ၁၈:၀၀ | News Flash |
| ၁၈:၃၀ | မီးအိမ်(ဇာတ်လမ်း) |
| ၂၂:၀၀ | Way Back Home (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၁၇:၄၀ | Soccer View |
| ၁၁:၁၀ | အားကစားသတင်း |
| ၁၈:၁၀ | E-Sports |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၃

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့် စကားများပြောဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝန်ထမ်းများက သန်းခေါင်စာရင်းလာကောက်စဉ် လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့် စကားများပြောကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




### ရေးသားဖြန့်ဝေနေ

ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်အစိုးရကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လူဦးရေစာရင်းနှင့် ဆက်စပ်သည့်အကြောင်းအရာအချက်အလက်များကို တိကျမှန်ကန်စွာ ကောက်ယူပြုစုရခြင်းဖြစ်ကြောင်း၊ ရရှိလာမည့် စာရင်းများကို အခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့်လိုအပ်သည့် လုပ်ငန်းများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏ စီမံကိန်းများအောင်မြင်စေရန် အထောက်အပံ့ဖြစ်စေမည့် အခြေခံကျသည့် လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ တိကျမှန်ကန်သော စာရင်းများရရှိပါက ပြည်သူတစ်ဦးချင်းစီနှင့် ပြည်သူအားလုံး၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်မှု၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားများကို လိုအပ်သလို ဖြည့်ဆည်းပေးရန် အထောက်အကူများရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများနှင့် မြေပေါ်မြေအောက် အဖွဲ့အစည်းများသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလား၍ နိုင်ငံတော်အစိုးရအပေါ် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်လျက်ရှိပြီး ယခုသတင်းနှင့် ပတ်သက်၍လည်း ပြည်သူလူထုအကြား ဘာသာရေးမှိုင်းတိုက် လှုံ့ဆော်နေသည့် သတင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thant Zaw Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်နေ သန့်ဇော်ဦးအား မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်တန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ခွေးရူးရောဂါပပျောက်နိုင်စေရန် ရည်ရွယ်၍ (၁၈)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာနေခြည်နွေးက ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရသည်။



အဆိုပါ ဟောပြောပွဲသို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ MNL မှ

အသင်းသည် ယခုနောက်ပိုင်းပွဲများတွင် အမှတ်မလျော့စေရန် အာရုံစိုက်ကစားနေပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၁၅ မိနစ်တွင် ထက်မြတ်လွင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် ထက်မြတ်လွင်က ရရှိသည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း ဂိုးမရှိသရေကျခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်ဂိုးသမား ဇာနည်ရဲရင့်က ရရှိသည်။ ပွဲစဉ်(၁၇) ပထမနေ့အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၈ မှတ်၊ ရတနာပုံအသင်းက ၁၆ ပွဲကစား ၁၉ မှတ်၊ မြဝတီအသင်းက ၁၆ ပွဲကစား ၁၃ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရှစ်မှတ်ရရှိထားသည်။

### ယှဉ်ပြိုင်ကစားမည်

ပွဲစဉ်(၁၇) ဒုတိယနေ့ကို အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် Dagon Port အသင်း၊ စလင်းကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၃ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၄ ဒသမ ၁၀ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ သုည ဒသမ ၈၂ ပေ တိုးလာခြင်းဖြစ်သည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၃.၁၀.၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၄၂၃၁၂ | ၆၂၇.၄၉ | ၅၆၆၉၅၄ | ၁၅၇၆၈ (လျှပ်စစ်ထုတ်ရေ) | - | - | ၄.၁၀ | ၂၃၀၀၂ | ၀.၄၄ | ၆၂၆.၆၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | ၀.၂၀ | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၇၄ | ၅၁၈.၉၀ | ၈၈၇၆၇ | ၁၉၈ | ၁.၁၀ | ၃၀၀၃ | - | - | ၀.၂၁ | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၀၅ | ၁၀၇၅၀ | ၇ | ၁.၉၅ | ၁၅၀၇ | - | - | ၀.၀၂ | ၅၁၀.၁၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၉၆ | ၄၃၈.၀၀ | ၇၀၀၀၀ | ၂၅ | ၁.၀၀ | ၃၀၀၀ | - | - | ၀.၆၄ | ၄၃၇.၉၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၃ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၅.၀၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၃ | ၇၈၈၈ | - | ၁.၄၇ | ၈၃၀ | - | - | - | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၆၇၇ | ၇၀၃.၁၀ | ၁၀၅၂၃၀ | ၂ | ၆.၉၀ | ၃၇၈၆၀ | - | - | ၀.၂၄ | ၇၀၂.၈၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၄၇ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၃၇ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၃၀ | ၁၀၅၈၉ | - | ၅.၇၀ | ၄၀၁၁ | - | - | ၀.၂၈ | ၈၆၄.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

❍ ကျောဖုံးမှ

စနစ်တကျ စီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုကြောင့် စက်တင်ဘာ ၂၁ ရက်မှစ၍ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရန်ကုန်-သာစည်၊ သာစည်-ရန်ကုန်ခရီးစဉ်အဖြစ် အမှတ်(၁၁)အဆန်/(၁၂) အစုန်လူစီး အမြန်ရထားကို စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။

## ပြင်ဆင်မွမ်းမံ

ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ် သဲတောနှင့် သပြေတောင်းအကြား ရထားလမ်းပိုင်းနှင့် မိုင်တိုင်(၃၃၃/၁)ရှိ အဆန်လမ်းတံတား အမှတ်(၆၉၁)၏ ကမ်းကပ်ခုံရေတိုက်စားခံရခြင်း၊ အစုန်လမ်းတံတား အမှတ်(၆၉၁)၏ ပေ(၄၀)သံပေါင်လေးခု ရေထဲပြုတ်ကျခြင်း၊ အဆန်လမ်း/အစုန်လမ်းရထားလမ်းတာပေါင် ရေတိုက်စားခံရခြင်းများတွင် အဆန်လမ်းတံတား အမှတ်(၆၉၁)ကို ယာယီတံတား ဘေလီသံပေါင်နှင့် Steel Girder များ ထည့်သွင်းခြင်း၊ ရေတိုက်စားတာပေါင်များကို သံလမ်းဖြုတ်သိမ်း၍ သဲအိတ်စီထပ်ခြင်း၊ (၆ x ၉) လက်မ ကျောက်ကြီးများထည့်သွင်းခြင်း၊ မြေဖို့ခြင်းများ ဆောင်ရွက်ပြီးနောက် သံလမ်းပြန်လည်ခင်းခြင်း၊ ရေတိုက်စားနေရာများတွင် သစ်သားဖားထပ်ခွေ ယာယီဆောင်ရွက်ခြင်းစသည့် အကြီးစားပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့ရသည်။



အမှတ်(၁၁) အဆန် လူစီးအမြန်ရထား ကျောက်တံခါးဘူတာသို့ ရောက်ရှိစဉ်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စက်တင်ဘာ ၂၉ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ အားထုတ်ကြိုးပမ်း ပြုပြင်ဆောင်ရွက်ပေးခဲ့မှုများကြောင့် အောက်တိုဘာ ၂ ရက် ည ၇ နာရီ ၂၆ မိနစ်တွင် သဲတော-သပြေတောင်းအကြား အဆန်လမ်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ရန်ကုန်-မန္တလေး အမှတ် (၁၁)အဆန်နှင့် မန္တလေး-ရန်ကုန် အမှတ်(၁၂) အစုန်လူစီး အမြန်ရထားများ၊ ရန်ကုန်-မန္တလေး အမှတ်(၁)အဆန်၊ မန္တလေး-ရန်ကုန် အမှတ်(၂)အစုန်စာပို့ ရထားခရီးစဉ်များကို ယနေ့မှ စတင်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ကုန်ရထားများကိုလည်း အောက်တိုဘာ ၄ ရက်မှ စတင်၍ ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွား၍ ရထားလမ်း၊ တံတားများ ထိခိုက်ပျက်စီးသွားမှုကြောင့် ယာယီရပ်နားခဲ့ရသည့် ရန်ကုန်-မန္တလေး ခရီးစဉ်အမှတ်(၁၁)အဆန်/(၁၂) အစုန် လူစီးအမြန်ရထားနှင့် အမှတ်(၁) အဆန်/(၂)အစုန်စာပို့ ရထားတို့ကို မူလပြေးဆွဲချိန်များအတိုင်း ဆက်လက်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်- မိုင်းတွမ်း- မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး(ဆိုက်ခေါင်) သံကူကွန်ကရစ်တံတား ပျက်စီးမှုများ သွားရောက်ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမ့်ခုတ်ချောင်းရေ မြင့်တက်လာပြီး တာချီလိတ်-မိုင်းတွမ်း-မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်းဆတ်မြို့အဝင် အရှည် ၃၂၈ ပေ၊ အကျယ် ပေ ၃၀ ရှိသည့် နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး(ဆိုက်ခေါင်) သံကူကွန်ကရစ်တံတားမှာ ပေ ၁၃၀ ခန့် ရေစီးနှင့် မျောပါပျက်စီးသွားခဲ့သည်။ ပျက်စီးသွားခဲ့သည့် တံတားအပေါ်တွင် ပေ ၁၅၀



အရှည်ရှိ နှစ်လွှာ တစ်ထပ်ဘေလီတံတားအား ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၁၂ က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး အောက်တိုဘာလ ဒုတိယပတ်ကုန်အပြီးတွင် အမြန်ဆုံးပြီးစီးနိုင်ရေး နေ့/ည မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တံတားပြင်ဆင်နေမှုများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ ရေဝင်ရောက်ခဲ့သည့် မင်းကုန်းကျေးရွာရှိ ရွာဦးစေတီတွင် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးပြုလုပ်

**သာစည် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ရေကြီးရေလျှံပြီး ရေဝင်ရောက်ခဲ့သည့် လှိုင်းတက်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာရှိ ရွာဦးစေတီတော်တွင် ယနေ့နံနက် ၉ နာရီခွဲက မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၃ ဦး၊ အရန်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင် ငါးဦးတို့က 2D3204 မီးငြိမ်းသတ်ယာဉ် တစ်စီး၊ Tohatsu အပေါ့စားစက် တစ်လုံးတို့ အသုံးပြု၍ စေတီတော်ရင်ပြင်နှင့် စေတီအတွင်းတို့၌ ရေဝင်ပြီးတင်ကျန်ခဲ့သော ရွှံ့နွံများဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးများပြုလုပ်ပြီး စေတီတော်အား ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**ကူညီရွှေ့ပြောင်းပေး**

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်



သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကိုအားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများ ကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (၁/၀)မိုင်ရှိ ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံသစ် တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် အောက်တိုဘာ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(၁/၀)မိုင် အမှတ်(၃)တိုးလ်ဂိတ်အနီး တည်ဆောက်လျက်ရှိသည့် ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံသစ် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ဓာတ်အားခွဲရုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့် Switch yard Foundation များ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြေပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ဆိုင်ရာ သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရေး၊ ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးတို့အားမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**



## စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ် စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့အား အောင်နိုင်ရေး အလံပေးအပ်



မုံရွာ အောက်တိုဘာ ၃

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် စစ်ကိုင်းပညာရေး တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့အုပ်ချုပ်သူထံ အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြိုင်ပွဲဝင် အနုပညာရှင်များအနေဖြင့် မိမိတို့ပါဝင်ယှဉ်ပြိုင်ရမည့် ဘာသာရပ်အား ဆရာကြီး ဆရာမကြီးများ သင်ကြား ပြသထားသည့်အတိုင်း ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ယှဉ်ပြိုင်နိုင်အောင် ပြင်းပြင်းထန်ထန် လေ့ကျင့် ယှဉ်ပြိုင်သွားကြရန် မိသားစုစိတ်ဓာတ်များဖြင့် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး နေထိုင်သွားကြရန်နှင့် အပြန်အလှန် ကူညီမှုလေးစားမှုရှိကြကာ မိမိတို့တိုင်းဒေသကြီး၏ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရှင်များစွာဖြစ်အောင် အချိန်ရှိခိုက်တွင် သင်ယူလေ့ကျင့်ပြီး အကောင်းဆုံး ဝင်ရောက်ယှဉ်ပြိုင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့ အုပ်ချုပ်သူထံ အောင်နိုင်ရေး အလံ ပေးအပ်ပြီး ပြိုင်ပွဲဝင် အနုပညာရှင်၊ ဝါသနာရှင်များက ပြိုင်ပွဲဝင်ရန် အသင့်ပြင်ဆင် လေ့ကျင့်ထားသည့် အဆို၊ အက၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးခဲ့ကြသည်။

အဆိုပါ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ပြိုင်ပွဲဘာသာရပ်ပေါင်း ၈၉ မျိုး၌ ပြိုင်ပွဲဝင်စုစုပေါင်း ၂၅၀ ဖြင့် ဝင်ရောက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပန်းတနော်မြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီး ပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် ထောက်ပံ့ငွေပေးအပ်


ပန်းတနော် အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် အောင်သပြေဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများနှင့် ရိပ်သာအတွက် ထောက်ပံ့ငွေလှူဒါန်းပေးအပ်ခြင်းကို အောက်တိုဘာ ၁ ရက်တွင် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ရာတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းသည့် ငွေကျပ် ၈၄၀၀၀၀ ကို အောင်သပြေဘိုးဘွားရိပ်သာတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်များက အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် အောင်သပြေဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုး အဘွား ၁၇ ဦးအား တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀၊ ဆေးဝါးများနှင့် ဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သူအောင်(ပြန်/ဆက်)**



## မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်၏ ၃-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆ : ၃၀) နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၄-၁၀-၂၀၂၄ မှ ၆-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**❂ နေရာကွက်၍မှ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်း ပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ညောင်လေးပင်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကွင်းဆင်းကောက်ယူ

ညောင်လေးပင် အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ သန်းခေါင်စာရင်းကောက်ကွက်များတွင် ယနေ့နံနက်ပိုင်းက ဆက်လက်၍ ကွင်းဆင်းကောက်ယူမှုများကို ဆောင်ရွက်ခဲ့သည်။

သန်းခေါင်စာရင်းကောက်ကွက်များတွင် လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိနိုင်ရေးအတွက် ရပ်ကွက်အတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာများကို အချက်အလက် ၆၈ ချက်မေးမြန်းကာ Mobile Tablet များဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးချကာ ကောက်ယူကြောင်းသိရသည်။လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုများကို လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးနှင့် သန်းခေါင်စာရင်းကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနေမှုအား တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေး



ပေါင် အောက်တိုဘာ ၃

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူနေမှုကို အောက်တိုဘာ ၁ ရက်က သထုံခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

ပေါင်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာ အသီးသီးတို့၌ သန်းခေါင်စာရင်းကောက်ကွက်စုစုပေါင်း ၄၂၆ ကွက်ရှိပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စာရင်းစစ်၊ စာရင်းကောက် ၁၅၂ ဦးတို့က လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ၏။

# သန်လျင်ခရိုင်အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု တိုင်းဒေသကြီးဝန်ကြီး ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းဒေသကြီးသယံဇာတရေးရာ ဝန်ကြီးသည် ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်နှင့် အရှေ့ပိုင်းရပ်ကွက်တို့တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျောက်တန်းမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာအတွင်း သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သျှင်ဝင်းသျှင်





နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ အသင်းပိုင်ငွေတို့ဖြင့် ပံ့ပိုးထားသော သန်လျင်မြို့နယ် ဘယက်ကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ လယ်မြေဧက ၂၀၀ ပေါ်တွင် မိုးစပါးစိုက်ပျိုးထားရှိမှုကို အောက်တိုဘာ ၃ ရက်က သန်လျင်မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးလှိုင်မင်းဦး၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အသင်းအမှုဆောင်များ ကွင်းဆင်းကြည့်ရှုစဉ်။ တင်ဝင်းတင်



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အောင်မြေသာစံခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အတွင်းရေးမှူး ဦးသန်းထွန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းအောင်ထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်တို့ ကြည့်ရှုအားပေးကြစဉ်။

သတင်းစဉ်

## ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# မှော်ဘီမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်

မှော်ဘီ အောက်တိုဘာ ၃

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း အောက်တိုဘာ ၁ ရက်မှ စတင်၍ မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် စာရင်းစစ်၊ စာရင်းကောက် ၁၉၆ ဦးတို့က သက်ဆိုင်ရာ သန်းခေါင်စာရင်းကောက်ကွက် ၄၇၈ ကွက်တို့တွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။



လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို မှော်ဘီမြို့နယ်အတွင်း စာရင်းစစ် ၄၁ ဦး၊ စာရင်းကောက် ၁၁၅ ဦးနှင့် Volunteer ၄၀ စုစုပေါင်း ၁၉၆ ဦးတို့ဖြင့် စာရင်းကောက်အဖွဲ့ပေါင်း ၄၁ ဖွဲ့တို့က ကောက်ကွက်ပေါင်း ၄၇၈ ကွက်တို့တွင် CAPI စနစ်ထည့်သွင်းထားသည့် Mobile Tablet များဖြင့် ကောက်ယူလျက်ရှိပြီး အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကြည့်ရှုအားပေး**

မှော်ဘီမြို့နယ် အတွင်း သက်ဆိုင်ရာ သန်းခေါင်စာရင်းကောက်ကွက်များအလိုက် တာဝန်ရှိသူများက ကောက်ယူနေမှုအခြေအနေများကို မှော်ဘီမြို့နယ် သန်းခေါင်စာရင်းကော်မတီ (ခေတ္တ)ဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

# တောင်ငူမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

တောင်ငူ အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ယနေ့နံနက်ပိုင်းက ဆက်လက်ကောက်ယူလျက်ရှိသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဒေါ်ခင်သန်းဝင်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးဘရွှေတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ငူမြို့နယ်အတွင်း ရပ်ကွက် ၂၇ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၇ အုပ်စုအား စာရင်းစစ် ၄၆ ဦး၊ စာရင်းကောက် ၁၇၀ တို့က Mobile Tablet များဖြင့် တစ်အိမ်တက်ဆင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# မင်္ဂလာဒုံမြို့နယ်၌ အခြေခံပျားမွေးမြူရေး သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အခြေခံပျားမွေးမြူရေး သင်တန်း အမှတ်စဉ်(၂၃)ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုသင်တန်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပြများက တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ သင်တန်းသား ၁၅ ဦးအား နှစ်လကြာ အခြေခံ ပျားမွေးမြူရေး အကြောင်းအရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး အခမ်းအနားသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်အောင်၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်၊ ဝန်ထမ်းများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ACRY LIC–YARN ဆီလွန်ချည်ထုတ်စက်ရုံ၊ ဒုံးပျံဂျုံစက်ရုံ၊ မန္တလေးချည်မျှင်စက်ရုံ(၂)၊ ၉၉၉ နှင့် ပါဝါတံဆိပ် ခေါက်ခဲစက်ရုံများသို့ ကွင်းဆင်းစစ်ဆေးပြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်စိန် တက်စတိုင်း ကုမ္ပဏီလီမိတက်၏ ACRY LIC– YARN ဆီလွန်ချည်မျှင်ထုတ်စက်ရုံသို့ ရောက်ရှိပြီး တရုတ်နိုင်ငံမှ ACRY LIC Fiber ကုန်ကြမ်းများကို ဝယ်ယူတင်သွင်းပြီး ကုန်ချော ACRY LIC–YARN ဆီလွန်ချည်မျှင်ထုတ်နေမှုကို လည်းကောင်း၊ ယင်းနောက် Lluvia Ltd. ၏ ဒုံးပျံဂျုံစက်ရုံသို့ လည်းကောင်း၊ ဆက်လက်၍ စွမ်းအားမြင့်ကုမ္ပဏီလီမိတက်၏ ၉၉၉ နှင့် ပါဝါတံဆိပ် ခေါက်ခဲထုတ်လုပ်သည့်စက်ရုံသို့ လည်းကောင်း၊ ထန်းဇယ်ကုမ္ပဏီလီမိတက်၏ မန္တလေးချည်မျှင်စက်ရုံ(၂)သို့ လည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါစက်ရုံများသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား စက်ရုံမှ တာဝန်ရှိသူများက စက်ရုံဆိုင်ရာအချက်အလက်များနှင့် စက်ရုံလည်ပတ်နေမှုအခြေအနေများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းများလည်ပတ်နေမှုနှင့် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုအဆင့်ဆင့်အား လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား အောက်တိုဘာ ၁ ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း စုစည်းညီညာစွာဖြင့် ကောက်ယူလျက်ရှိကြရာ ယနေ့ညနေပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝဏ္ဏကျော်ထင်သီရိပျံချီ ဦးမောင်ကို၏ နေအိမ်တွင် သန်းခေါင်စာရင်းကောက်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်၍ ဆက်စပ်အဖွဲ့အစည်းများနှင့် စာရင်းစစ်/စာရင်းကောက်များက သန်းခေါင်စာရင်းတွင်အသုံးပြုသည့် အိမ်ထောင်စုမေးခွန်း ၆၈ ခုကို Tablet များအသုံးပြု၍ကောက်ယူရာ စိတ်ပါဝင်စားစွာဖြင့် ပြည့်ပြည့်စုံစုံ ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ –၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## မြေကွက်အရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၃၊ အောင်မေတ္တာ (၄)လမ်း၊ မြေကွက်အမှတ်– ၆၆၆၊ ဧရိယာ– ၀.၀၁၉ ဧက၊ အလျား (၂၁)ပေx အနံ(၄၀)ပေ၊ ဒေါ်တင်တင်ခိုင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရောက်ပိုင်ဆိုင်ခွင့်၊ ဂရန် အမည်ပေါက်မူရင်းကိုင်ဆောင်ထားသူ ဒေါ်တင်တင်ခိုင် [၈/ဆမန(နိုင်) ၀၀၆၄၈၉] မှ ပိုင်ဆိုင်ထားသည့် အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဦးဝေဖြိုးအောင် [၈/ အလန(နိုင်) ၁၂၄၈၀၁]မှ မြေကွက်အား ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေဖြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အိသဇင်မြင့်** | **ဒေါ်အင်ကြင်းဆွေ** |
| **(LL.B, D.B.L, D.Eng)** | **LL.B,WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၇၂၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၆၀၅)** |

**(၇)လမ်းနှင့် ကိုင်းတန်းလမ်းကြား၊ အနော်ရထာလမ်းမကြီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၈၈၂၂၅၅၁၄၆၊ ၀၉–၄၄၈၀၅၀၆၈၉**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၅၄၈)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အား ဒေါ်မေမွန်သူ [၉/စကန(နိုင်) ၀၇၆၄၄၅]မှ မြေငှား ဂရန် အမည်ပြောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင် ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင် ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ မြေကွက် အမှတ် (၁၈၄)၊ မြေကွက်တည်နေရာအမှတ်– ၁၈၄၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသောင်းစိန် (AD–၀၃၀၁၅၉) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်– ဦးသောင်းစိန် ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် – ၇၈၂၈/၂၀၂၂ (၂၉–၉–၂၀၂၂) ဖြင့် ဒေါ်မြမြဝင်း [၁၂/လကန(နိုင်) ၀၀၃၉၃၃၉]မှ ပိုင်ဆိုင်ခဲ့ပါသည်။ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်– ၆၅/၂၀၂၄ ဖြင့် “ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု”ဖြင့် ဦးအောင်ဝဏ္ဏမှ(တရားလို)ပြု၍ ဒေါ်မြမြဝင်းအပေါ် (တရားပြိုင်)ထားကာ စွဲဆို ခဲ့ခြင်းအား မြေကွက်အကျယ်အဝန်း (၄၁ ပေx ၆၀ပေ) ဧရိယာ (၀.၀၅၆)ဧက၊ (၂၄၆၀)စတုရန်းပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (အမှတ်– ၁၈၅)နှင့် ကပ်လျက်ခြမ်းဖြစ်သည့်အမှတ်– ၁၈၄/ခ၊ (၂၁ ပေx ၆၀ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေဂရန်တရားဝင်ပိုင်ဆိုင်သူ တရားပြိုင် ဒေါ်မြမြဝင်းမှ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေရန် တရားလိုတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၂၅–၆–၂၀၂၄)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမ ဇာရီမှုအမှတ်–၅၆/၂၀၂၄ ၏ နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံ မြေရာဇဝင် ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၁၈–၇–၂၀၂၄)ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံကူး (Portion) လျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅ ၊ နည်းဥပဒေ ၂၀)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၃၂

| | | |
|---|---|---|
| A1 Capital Company Limited | နှင့် | ၁။ RONOC MYANMAR LIMITED |
| | | ၂။ ဒေါ်အေးမြတ်ခိုင် |
| | | ၃။ ဒေါ်ဖြူဖြူသက် |
| | | ၄။ ဒေါ်ခင်သန္တာမျိုးမင်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန် အိမ်ရာ၊ ကံ့ကော်လမ်း၊ အမှတ်(၆)နေ (၁) တရားပြိုင် RONOC MYANMAR LIMITED (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“ကုမ္ပဏီရရန်ရှိသောချေးငွေ စုစုပေါင်း ငွေကျပ် ၆၉၆,၇၃၃,၆၀၀/– (ကျပ်သိန်းခြောက်ထောင့်ကိုးရာခြောက်ဆယ့် ခုနစ်သိန်းနှစ်သောင်းသုံးထောင့်ခြောက်ရာတိတိ)ရလိုမှု”** လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက် **(၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်)** မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော် သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## “အများသိစေရန် ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၅၆)၊ မြေကွက်အမှတ် (၂၁၁/က)၊ (အလျား ၂၁ ပေx အနံ ၆၀ ပေ) (၁၂၆၀)စတုရန်းပေ၊ ဧရိယာ (၀.၀၂၉)ဧက အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက် အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အပြီး အပိုင်ရောင်းချသူ **ဦးဝင်းသူရှိန် [၇/တငန(နိုင်) ၁၀၉၇၄၁]** အမည်ပေါက် ကြောင်း၊ ၎င်းတစ်ဦးတည်းကသာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ဝတ်ရည်ဝင်း [၁၂/ဥကတ(နိုင်) ၁၆၇၂၆]**က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲစုနွေး LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၅၆၅)**
**အမှတ်(၅၀–ခ)၊ မဟော်သဓာ(၁)လမ်း၊ (၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၅၀၉၂၈၈၂၊ ဖုန်း–၀၉–၇၇၃၀၈၄၇၈၇**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးခင်မောင်ဆွေ၏သား မောင်ရဲသူကျော် [၁၄/လမန(နိုင်) ၁၀၄၃၆၄]နှင့် (ဘ)ဦးအောင်သိန်းဦး၏သမီး မမေမြတ်နိုးဦး [၁၂/မဂတ(နိုင်) ၁၁၂၉၄၁]တို့သည် ၃၀–၉–၂၀၂၄ ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦး သဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် ကွာရှင်းပြီးသည့်ရက်မှစ၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မမေမြတ်နိုးဦး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိုးဝင်း [၁၂/သကတ(နိုင်) ၀၇၁၂၈၂]နှင့် ဒေါ်အေးစန်း [၁၂/သကတ(နိုင်) ၀၇၂၀၀၈]တို့၏ သားဖြစ်သူ မောင်အောင် မင်းစန်း [၁၂/သကတ(နိုင်) ၁၇၀၇၂၈]သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံလိုက်နာခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေသောအပြုအမူများပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မိဘများမှ ၎င်းနှင့်ပတ်သက်သော မည်သည့် ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးဝင်း [၁၂/သကတ(နိုင်) ၀၇၁၂၈၂]**
**ဒေါ်အေးစန်း [၁၂/သကတ(နိုင်) ၀၇၂၀၀၈]**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၄၈ နှင့် ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၆၉။

| | | |
|---|---|---|
| ဧရာဝတီဘဏ်အများနှင့် | နှင့် | ၁။ ဒေါ်မွန်ရည်ကျော် |
| သက်ဆိုင်သော | | ၂။ ဦးထက်အောင်လင်း |
| ကုမ္ပဏီလီမိတက် | | |
| (၎င်းကိုယ်စားဒေါ်ဆုရည်မွန်) | | |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

အမှတ်(414/B)၊ ဗဟိုလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁) တရားရှုံး ဒေါ်မွန်ရည်ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ မြသီတာအိမ်ရာလမ်း၊ အမှတ်(1A/19)နေ (၂) တရားရှုံး ဦးထက် အောင်လင်း တို့သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၄၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန်၊ ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည် ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခု ရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်၊ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၇ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄–ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ (အ.ထ.က) ဇီးကုန်း GRADE–6 မှ မချစ်နွေးဇော်၏ ဖခင်အမည်မှန်မှာ ဦးရန်အောင် [၇/ဇကန(နိုင်) ၀၄၉၆၇၁] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရွာချမ်းသာ အဆင့်မြင့်ကွန်ဒို၊ တိုက်အမှတ် (၁၄/အေ)၊ အခန်းအမှတ် (၃၂၄)အား မူလ အမည်ပေါက် ဦးသော်ဇင်မင်းထက် [၁၂/ဒဂမ(နိုင်) ၀၂၃၀၀၀]၊ ဒေါ်ပိုင်းအိဖြိုး [၁၃/ကလန (နိုင်) ၁၁၉၀၃၀]တို့ထံမှ ဒေါ်ခိုင်စု အောင် [၁၂/ကမရ(နိုင်) ၀၅၂၅၈၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက် ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက် အတွင်း အထောက်အထား ပြည့်စုံစွာ ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇ လမ်းနှင့် ၃၈ လမ်းအိမ်ရာ၊ တိုက်အမှတ် (၂၄)၊ အခန်းအမှတ် (၂၀၄)အား မူလ အမည် ပေါက် ဦးစိန်ဝင်း(ခ) လီကာလျောင် [၁၂/လမတ (နိုင်) ၀၁၈၈၈၆]ထံမှ ဒေါ်ခိုင်ခိုင်အောင် [၁၂/သကတ (နိုင်) ၁၁၂၃၄၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါ ရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်တာဝါ၊ တိုက်အမှတ် (၅၀၄/၅၀၆)၊ အခန်း အမှတ် (၅၀၂)အား မူလအမည်ပေါက် ဦးကျော်ထွန်းသောင်း [၁၂/လမတ (နိုင်) ၀၁၈၈၈၆]ထံမှ ဒေါ်ခိုင်ခိုင် အောင် [၁၂/သကတ(နိုင်) ၁၁၂၃၄၁] က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက် ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက် အတွင်း အထောက်အထား ပြည့်စုံစွာ ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအပိုင်း (၂)၊ တိုက်အမှတ်(၂၃)၊ အခန်းအမှတ် (၂၀၁)အား မူလ အမည်ပေါက် ဒေါ်ရင်ပု [၁၄/အမန(နိုင်) ၀၃၅၉၄၉] ထံမှ ဦးအောင်ဇော်မျိုး [၁၄/မမက (နိုင်) ၁၆၀၈၄၄]က စာချုပ်စာတမ်း ဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါ ရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ် လမ်းသွယ်၊ တိုက်အမှတ်(၉၇–ခ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်၏ တတိယထပ်၊ ၄–လွှာ၊ အကျယ်အဝန်း (၁၈x၅၄)ပေ၊ (၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို မြေရှင်နှင့် ကန်ထရိုက်တာ လုပ်ငန်းအပ်နှံခြင်းကတိစာချုပ်အရ ကန်ထရိုက်တာ ဦးစိုးနိုင် [၁၂/မဂတ(နိုင်) ၀၀၀၉၂၆]မှ ရရှိသည့် အခန်းဖြစ်၍ အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က ဝယ်ယူရန် (စရန်ငွေ) အချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် သည်အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက် အမှတ်(၁၇၄၂/ခ)၊ မြေကွက်တည်နေရာ– အမှတ် (၁၇၄၂/ခ)၊ ရွှေကျွန်းမြိုင် (၃)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင် ဒေါ်မူမူမြင့် (W/RGN– 018462) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မူမူမြင့်အား တရားပြိုင်ထား ကာ မင်္ဂလာဒုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်– ၂၃/၂၀၂၄ ခုနှစ်တွင် ဒေါ်ဥမ္မာမြင့်မှ တရားလိုပြုလုပ်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၁၂–၇–၂၀၂၄)ခုနှစ်တွင် အနိုင် ဒီကရီချမှတ်ခဲ့ပြီး၊ တရားမဇာရီမှုအမှတ်– ၃၁/၂၀၂၄ ၏ နေ့စဉ်မှတ်တမ်း၊ (၁၉– ၈–၂၀၂၄)တွင် ဘီလစ်ခန့်အပ်ရန်ချမှတ်သည့် ထုံးပုံကျအပြီးသတ်အမိန့်၊ မင်္ဂလာဒုံ မြို့နယ်တရားရုံး၏ (၂၀–၈–၂၀၂၄)ရက်စွဲပါ စာအမှတ်– ၅၄၉/၅–၁–၂၀၂၄ ၏ ဘီလစ်ခန့်စာ၊ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်နုနုလှိုင် [၁၂/ဥကမ(နိုင်)၀၀၄၉၃၄]မှ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်ပျဉ်ကာ သွပ်မိုး (၁)လုံးရှိပြီး ကိုယ်တိုင် နေထိုင်ပြီး ဒေါ်ဥမ္မာမြင့်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ် ဒေါ်နုနုလှိုင်၏ အရောင်းမြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ သုခဝတီအိမ်ရာနေ (ဘ) ဦးအောင် လှိုင်ထွန်း [၁၂/ကမတ(နိုင်) ၀၂၁၄၀၀]နှင့် (မိ) ဒေါ်စန်းစန်းဦး [၁၂/ ရကန(နိုင်) ၀၄၃၀၈၀]တို့၏ သားဖြစ်သူ မောင်ရန်နိုင်ထွန်း(ခ)ရွှေထူး [၉/ပမန(နိုင်) ၂၃၉၁၁၇]သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့် အတွက် ယနေ့ကြေညာသည့်ရက်မှစ၍ ၎င်း၏ကိစ္စများနှင့်ပတ်သက်၍ မိဘများနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**မိဘများ – ဦးအောင်လှိုင်ထွန်း – ဒေါ်စန်းစန်းဦး**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ– ၁၇)၊ မြေကွက်အမှတ် (၁၄၀၆–ခ)၊ (ပေ ၂၀x ပေ ၆၀) အကျယ်အဝန်းရှိ ဦးတင်စိုး(N/OKA–၀၄၁၁၅၃) အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးကျော်စွာမင်း [၁၄/ဘကလ(နိုင်) ၁၇၃၂၅၈]**ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူ ရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင်အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက် စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း** | **ဒေါ်တင်တင်ခိုင်** |
| **LL.B, D.I.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၁၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၀၈)** |

**အမှတ် (၁၃/ခ)၊ ၈–လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း– ၀၉–၄၄၈၀၂၅၉၉၃၊ ၀၉–၉၇၈၉၄၀၀၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ ပေါ်တော်မူ (၁)လမ်း၊ အမှတ် (၂၉/ဃ)ရှိ ဗိုလ်ရန်အောင်အဆင့်မြင့်အိမ်ရာရှိ (Building–A) စုစုပေါင်း (၂၆)ခန်းပါဝင်သည့် (၈ ½)ထပ်တိုက်ရှိ သတ္တမထပ် (သို့) (၈) လွှာ၊ အခန်းအမှတ် (A–8/3) အကျယ်အဝန်းအားဖြင့် (1206) စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ (၁)လုံး၊ ကိုယ်ပိုင်လျှပ်စစ် မီတာ (၁)လုံး၊ Aircon (၄)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်မိုးသွင် [၁၂/လမန(နိုင်) ၁၂၆၃၆၃] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မြင့်နိုင် [၁၂/အစန(နိုင်) ၁၂၁၀၁၂]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူ ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉**

## Jotun Myanmar Services Co., Ltd.(the "Company")

## (Incorporated in the Republic of the Union of Myanmar)

## (Voluntary Winding–up)

Calling the Final General Meeting Regarding the Winding– up of Jotun Myanmar Services Company Limited.

Pursuant to section 211 (a) of Insolvency Law, the final general meeting of Jotun Myanmar Services Co., Ltd, which is in the course of winding–up, will be held as follows, All shareholders are cordially invited to this meeting to seek consent.

The meeting is held as follows:

Date : 4 Nov 2024
Time : 10:00 am
Venue : No.58, Room No. 706/708, 7B, Gonyi Residence, Mingalar Taung Nyunt, Yangon.

**Thida Cho Win**
**Liquidator**
**Jotun Myanmar Services Co., Ltd**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁–၁၀–၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)ပါ အထက်တန်းရှေ့နေ ဒေါ်အေးသိမ့်သိမ့်၏ အများသိစေရန် ကြေညာတွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၄၁/A)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၂၁၈/၂)၊ မြေကွက်တည်နေရာအမှတ်(၂၁၈/၂)၊ ဇီဝစိုးလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဦးသောင်းထွန်း (CA–067077) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသောင်းထွန်း(ဖခင်)နှင့် ဒေါ်စန်းရင်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးအောင်သူရိန်ထွန်း [၁၂/ဥကတ(နိုင်)၁၀၆၉၁၂]၊ ဦးချစ်ကိုကို[၁၂/ဥကတ(နိုင်)၁၀၆၉၁၃]၊ ဦးရဝေထွန်း [၁၂/ဥကတ(နိုင်)၁၂၈၈၉၆]တို့မှ သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ(၄၇၇/၂၀၂၄)(၃–၄–၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်/နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား) (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၇)၊ မြေကွက်အမှတ်(၇၀၈)၊ (ပေ ၄၀ x ပေ ၆၀) အကျယ်အဝန်းရှိ ဦးကျော်သန်း[၁၂/လမန(နိုင်)၀၉၅၇၁၂] အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးကိုကိုမောင် [၁၁/စတန(နိုင်)၁၀၂၀၉၉]** ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင် အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်နိုင်ဝင်း LL.B, D.I.L** | **ဒေါ်တင်တင်ခိုင်LL.B, D.B.L, D.M.L, D.I.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၂၁၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၀၀၈)** |

**အမှတ် (၁၃/ခ)၊ ၈–လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း– ၀၉–၄၄၈၀၂၅၉၉၃၊ ၀၉–၉၇၈၉၄၀၀၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၂/က)၊ မြေကွက်တည်နေရာအမှတ် (၁၂/က)၊ ရွာလယ်လမ်း၊ (ဆ/ခ) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (မောင်ဘသန်း)အမည်ပေါက် ဘီ–အိမ်ရာမြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်–၂၁၁/၂၀၂၄ တွင် အယူခံတရားလို ဒေါ်နုနုရီ၊ ဒေါ်အုန်းခင်၊ ဦးလှမျိုး၊ ဒေါ်လှမြတ်သင်းတို့က အမွေထိန်းလက်မှတ်စာ လျှောက်ထားရာ ယင်းမြေကွက်အတွက် အမွေထိန်းလက်မှတ်စာခွင့်ပြုကြောင်းချမှတ်သည့်အမိန့်၊ ၂၈–၁၁–၂၀၁၄ ရက်စွဲပါ အမွေထိန်းလက်မှတ်စာ၊ ရန်ကုန်အရှေ့ပိုင်းရိုင်တရားရုံး တရားမအထွေထွေမှုအမှတ်–၁၇၆/၂၀၁၅တွင် ၂–၁၂–၂၀၁၅ ရက်စွဲပါ စီမံခန့်ခွဲခွင့်ပြုသည့် ထုံးပုံကျအပြီးသတ်အမိန့်အပေါ် ကျေနပ်မှုမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမအထွေထွေအယူခံမှုအမှတ်– ၉/၂၀၁၅ တွင် ၈–၉–၂၀၁၅ ရက်စွဲဖြင့် မြေကွက်အမှတ်–၁၂(ယခုအခေါ် မြေကွက်–၁၂/က+၁၂/ခ)၊ ဧရိယာ (၀.၃၈၅)ဧက အပါအဝင် ပစ္စည်းများ ထိန်းသိမ်းဆောင်ရွက်ရန်အတွက် အမွေထိန်းလက်မှတ်စာထုတ်ပေးကြောင်း ပြင်ဆင်အမိန့်၊ အမွေထိန်းလက်မှတ်စာရရှိသူ (၄)ဦးအနက် ဒေါ်အုန်းခင် ကွယ်လွန်သွားသဖြင့် ၎င်းမကွယ်လွန်မီက မိသားစုစီမံချက်သဘောတူ စာချုပ်ဖြင့် ဒေါ်အုန်းခင်သို့ အမွေပစ္စည်းခွဲဝေပြီးကြောင်း ဒေါ်အုန်းခင်၏ သေစာရင်း၊ ဒေါ်နုနုရီ[၁၂/ကမရ(နိုင်)၀၂၇၃၁၈]၊ ဦးလှမျိုး[၁၂/ဗဟန(နိုင်)၀၇၀၄၁၈]၊ ဒေါ်လှမြတ်သင်း[၁၂/ဗဟန(နိုင်)၀၅၄၀၁၀]တို့မှ အမွေဆက်ခံခွင့်ရှိပြီး ဦးလှမျိုး၊ ဒေါ်လှမြတ်သင်း တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၂၃၇၁/၁၅–၇–၂၀၂၄ဖြင့်ရရှိသူ ဒေါ်နုနုရီ [၁၂/ကမရ(နိုင်)၀၂၇၃၁၈] ကိုယ်တိုင်နှင့် GPလက်ခံရယူပြီးမှ တရားရုံး အထောက်အထားများ၊ သေစာရင်း၊ ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ အပိုင်ပေးစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါအားပြင်ဆင်ဖြည့်စွက်ခြင်း

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အိတ်ဖွင့်တင်ဒါအမှတ်(၁၄/ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်) ဖြင့် ခေါ်ယူခဲ့သော 81(LPT) Ammonia Ball Tank ၏ ပိုက်လိုင်းများပြုပြင်ခြင်းလုပ်ငန်း(1Lot)/MPE–KZ/2024–2025 အား အောက်ပါအတိုင်း ပြင်ဆင်ပြောင်းလဲဖြည့်စွက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း/ အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | 81(LPT)/MPE–KZ | Ammonia Ball Tank ၏ ပိုက်လိုင်းများပြုပြင်ခြင်း လုပ်ငန်း (1 Lot) | တင်ဒါပိတ်မည့်ရက် ၄–၁၀–၂၀၂၄ ရက်နေ့အစား ၁၀–၁၀–၂၀၂၄ ရက်နေ့သို့ ပြောင်းလဲ ဖြည့်စွက်ခြင်း။ |

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ ဖုန်း–၀၆၇–၃၄၁၁၁၂၃၊ ၀၉–၄၄၅၂၁၃၄၆၅၊ ၀၆၇–၃၄၁၁၁၇၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၄)ရပ်ကွက်၊ ဇေယျာမြိုင်လမ်း၊ အမှတ်(၁၈၂/က)တွင်နေထိုင်သည့် ဒေါ်မြင့် ယခင်အမျိုးသားမှတ်ပုံတင်အမှတ်(ISN–၁၆၀၃၁၁) ယခု [၁၂/သဃက(နိုင်)၁၈၂၂၀၁] ကိုင်ဆောင်သူ၏ ဖခင်အမည်မှာ ဦးဘကြမ်းနှင့် ဦးကျန် (AA–၁၀၄၅၀၁)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဦးဘတင်(ခ)ဦးဘတင်ချစ် နှင့် ဒေါ်တင်နွဲ့(ခ) ဒေါ်ဟယ်လင်ဂျူးတင် တို့သိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ယဉ်ယဉ်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၄၊ မြေကွက်အမှတ်–၅/ င–၄၊ မြေကွက်ကလေးအမှတ်–(၁၆+၁၇)၊ မြေဧရိယာ(၀.၀၄၃)ဧက၊ မြေအမျိုးအစား (ဘီ)/ မြေပိုင်မြေအမျိုးအစား၊ ယင်းမြေပေါ်ရှိ အဆောက်အဦ (ရေ+မီး)အစုံ ဆက်လက်သုံးစွဲခွင့်နှင့် ပေါက်ရောက်သစ်ပင်ဝင်းခြံ အကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဘတင်(ခ)ဦးဘတင်ချစ်နှင့်ဒေါ်တင်နွဲ့တို့ထံမှ (၉–၉–၂၀၁၄) ရက်နေ့တွင် **"နှစ်ဦးသဘောတူအိမ်နှင့် မြေ(၂)ကွက် အရောင်းအဝယ်အပြီးသတ်ငွေပေးစာချုပ်"**ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါစာချုပ်ပါ လူကြီးမင်းတို့၏ကတိပြုထားချက်အတိုင်း ကျွန်ုပ်မိတ်ဆွေနှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းတို့၏ နေရပ်လိပ်စာအား ရှာဖွေမတွေ့ရှိသဖြင့် ယခုကြေညာချက်ပါသည့် အချိန်မှ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ် ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်ဝင်း(LL.B,LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၉၁)**
**တိုက်(၇)၊ အခန်း–(၈)၊ မြေညီ၊ နေကြာသာယာကုန်းလမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက် ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၃၀၉၇၃၊ ၀၉–၉၇၄၅၃၃၇၁၂**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ တာဂွကျေးရွာအုပ်စု၊ ကွင်းအမှတ်–၆၈၇(က) အင်းယက်ကြီးကွင်း၊ ဦးပိုင်အမှတ်–၅က၊ လယ်(ဥယျာဉ်)၊ ၉. ၁၂ဧကနှင့် ဦးပိုင်အမှတ် ၂(ခ)၊ လယ်(ဥယျာဉ်) ၀.၆၂ ဧက ပေါင်း ၉. ၇၄ ဧက၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ယဉ်ယဉ်ထွေး [၁၂/မဘန(နိုင်)၀၀၂၀၈၀]မှ လယ်ယာမြေ ပုံစံ(၇)အမည်ပေါက် ပိုင်ဆိုင်ထားပြီး လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မိမိသာလျှင် ပိုင်ဆိုင်လက်ဝယ်ထားရှိ လုပ်ကိုင်သူဖြစ်ကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြအေး [၁၂/လသန(နိုင်)၀၀၄၅၀၇]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါလယ်ယာမြေလုပ်ပိုင်ခွင့်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါလယ်ဥယျာဉ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မြမြအေး[၁၂/လသန(နိုင်)၀၀၄၅၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဇ္ဇာဦး(L.L.B, CBL,DBL) (DL.101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၈၃)**
**အမှတ်–၃၂၀၊ ၃–လွှာ၊ ဘုရင့်နောင်လမ်း၊ ဆရာစံလမ်း နှင့် ပင်လုံလမ်းကြား၊**
**၃၁–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၉/က(ဒဂုံရောအဝေးပြေး) မြေကွက်အမှတ်(၁၉၉)၊ (၄၀x၆၀)ပေ၊ ၀.၀၅၅ဧက၊ မြေကွက်တည်နေရာအမှတ်(၁၉၉)၊ မအူပင်လမ်း၊ ကုလားကြီးစုကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ် ဦးဝင်းမောင် (MD)ခေတ်သစ်ကုမ္ပဏီ[၇/ပမန(နိုင်)၀၆၉၈၅၉] အမည်ပေါက် ပါမစ်မြေအား၊ အမည်ပေါက် ဦးဝင်းမောင်ထံမှ အရပ်ကတိ အရောင်းစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူ ဦးထွန်းလင်း[၁၂/လမတ(နိုင်)၀၃၄၈၀၀]မှ အရပ်ကတိအရောင်းစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း၊ မြေပုံတို့ကိုတင်ပြပြီး ပါမစ်မူရင်းရှိ ဓာတ်ပုံမူရင်းမှာ အထားအသိုမှားယွင်းမှုကြောင့် ပျောက်ဆုံးသွားကြောင်း သက်ဆိုင်ရာရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ အဆိုပါမြေကွက်နှင့် ပျောက်ဆုံး ဓာတ်ပုံမူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်း ကတိသစ္စာပြုလွှာတို့ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကွက်သစ်၊ မြေကွက်အမှတ်–(K/၈၀)၊ (၃၅)လမ်း၊ အေးသာယာရပ်ကွက်၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ မြေအမျိုးအစားစာရင်းကောက်ယူရေးနှင့် မြေနေရာချထားရေးကော်မတီမှ အိမ်ရာမြေချထားရေးအတွက်ပြေစာအမှတ်–၁၂၄၉ အရ မြေချစာရွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် သန်လျင်မြို့နယ်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် ဒေါ်သောင်း အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဇော်စိုးညွန့်[၇/ပခန(နိုင်)၂၁၅၆၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကြည်စိုး[၁၄/ဒဒရ(နိုင်)၀၅၂၆၃၅]နှင့် ဒေါ်ခင်လှ[၁၄/ဒဒရ(နိုင်)၀၅၂၉၃၀]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့်(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၇၃)**
**အမှတ်–၆၂(ပထမထပ်)၊ အခန်းအမှတ်–၉၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၁၀၂၀၄၁၅၊ ၀၉–၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၅)၊ မနော်ဟရီလမ်း၊ မြေကွက်အမှတ်(၄၆၁)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း ( ၂၀ x ၆၀ ) ပေရှိ (ခြေရင်းဘက်) ဂရန်မိတ္တူခြမ်း နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွေးနေခြည်ဝင်း [၁၂/ဒဂဆ(နိုင်)၀၁၁၀၁၈] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရဲရန်အောင်လမ်းသွယ်(၄)၊ အမှတ်(၆၇၂/ခ)ဟုခေါ်တွင်သော (၅)ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာ(အရှေ့ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၆ x ၄၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်ချိုဆက် [၁၂/မရက(နိုင်)၁၆၈၅၅၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်ပိုင်ထွေး [၁၂/ထတပ(နိုင်)၁၁၄၅၀၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဖြိုးသက်ဦး (LL.B)** | **ဒေါ်နှင်းယုဝေအေး(LL.B, LL.M, D.I.L)** | **ဒေါ်ခိုင်ခိုင်ဇော်( LL.B,D.I.P.L)** |
| **(စဉ် – ၁၈၅၀၃)** | **(စဉ် – ၁၈၂၃၇)** | **(စဉ် – ၅၀၈၉၀)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၅)၊ ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၀၀၀၀၆၁၉၉၊ ၀၉–၇၉၉၀၈၂၁၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၅)၊ မြေကွက်အမှတ် (၅၈၇)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဒေါ်ကြူကြူသင်း[၇/ပခန(နိုင်)၁၇၅၀၂၈]အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၈၇)၊ စည်ပင်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

## သက်ဆိုင်သူများနှင့်အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဩဘာလမ်း၊ အမှတ်-၃၁၊ (၅လွှာ-ဘီ)နေ **ဒေါ်ရွှန်းလက်သာယာ**(၁၂/တမန(နိုင်)၁၂၂၃၂)၏ ညွှန်ကြားချက်အရ အသိပေးကြေညာအပ်သည်မှာ ဒေါ်ရွှန်းလက်သာယာသည် Fashion Designer & Stylist အဖြစ် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိသူဖြစ်ရာ ဒေါ်ရွှန်းလက်သာယာ အသုံးပြုလျက်ရှိသည့် Shoon Lett Tharyar Facebook Account နှင့် Dee's Fav page တို့တွင် လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက် တခုခုကို အသုံးပြု၍လည်းကောင်း၊ ဒေါ်ရွှန်းလက်သာယာ နေအိမ်နှင့် ပတ်ဝန်းကျင်၊ မိတ်ဆွေအသိုင်း အဝိုင်းများအကြားတွင်လည်းကောင်း ဒေါ်ရွှန်းလက်သာယာကို အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သူငယ်ချင်းမိတ်ဆွေများ အကြားတစ်ဆင့်ခံ မကောင်းသတင်းဖြန့်ဝေမှုပြုခြင်းတို့ကို ပြုမူဆောင်ရွက်ခြင်း မပြုကြပါရန် နှင့် လိုက်နာခြင်းမပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည် ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

**ဒေါ်ခင်မာဌေး**
**တရားလွှတ်တော်ရှေ့နေ(၂၈၀၅)**
**ဦးဇေယျာလင်းထွန်း(၅၅၉၇၉) ဒေါ်နန်းချိုချိုခိုင်(၅၃၉၅၉)**
**အထက်တန်းရှေ့နေများ**
အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး (မြောက်)၊ ပင်လုံရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ်-၄၁၄၊ ဧရိယာ (၀.၁၄၆) ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၂၀)၊ ပင်လုံရိပ်မွန်၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့မြေစာရင်းတွင် ဒေါ်ဝင်းဝင်း(ခ)ဒေါ်ဝင်းနီလွင်(ခ)ဒေါ်ခင်ဝင်းမေ [၁၂/ကတတ(နိုင်)၀၂၉၀၈၈] အမည်ပေါက်မှတ်သားထားပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၈၃)၊ အောင်လံလမ်း၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ **ဦးမာကု** [၁၂/အစန(နိုင်)၀၅၃၄၉၄]အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးရန်အောင်စိုး** [၁၄/အဂပ(နိုင်)၁၅၆၃၃၅] မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် (၁) **ဦးကျော်ဇင်ဦး** [၇/ကဝန(နိုင်)၁၁၄၉၇၁] နှင့် (၂) **ဒေါ်ဥမ္မာကြည်**[၁၂/သဃက(နိုင်)၁၆၀၀၁၁] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ဦးနှင့် ဒေါ်ဥမ္မာကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-ဒီ) ကြံ့ခင်းလမ်း၊ မြေကွက်အမှတ်(၅)၊ ဧရိယာ (၀.၀၂၈) ဧက နှစ်(၆၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ကြံ့ခင်းလမ်း၊ တိုက်အမှတ်(၈)ဟုခေါ်တွင်သော (၆)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ) ၊အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ) တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် လက်ရှိတပ်ဆင် အသုံးပြုလျက်ရှိသော ကိုယ်ပိုင်ရေမော်တာ (၁)လုံး၊ Pressure Pump (၁)လုံး၊ ကိုယ်ပိုင်လျှပ်စစ်မီတာနှင့် အဲယားကွန်း(၃)လုံး၊ ပါဝင်သောပစ္စည်းများနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်စန်းစန်းဆွေ [၁၄/မအန(နိုင်)၁၁၁၉၅၁]က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်လက်ဝယ်ရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း (LL.B) (အထက်တန်းရှေ့နေ) (စဉ်-၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၆

| | | |
|---|---|---|
| ဦးအောင်မိုး ] | နှင့် | [ ဒေါ်သဇင် |
| **တရားလို** | | **တရားပြိုင်** |

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်) ရပ်ကွက်၊ သရက်တော(၆)လမ်း၊ အမှတ်-၆၅၊ (၇)လွှာနေ ဒေါ်သဇင် (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ **တရားလိုက (၂၄-၁-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်အတိုင်း ငွေကျပ် ၂၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းနှစ်ထောင်တိတိ)** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော "Aeronautical Information Management System အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း (1 Lot)" လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၃-၁၀-၂၀၂၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၅-၁၀-၂၀၂၄ ရက်နေ့တွင် တင်ဒါအရောင်းပိတ်ပြီး ၂၃-၁၀-၂၀၂၄ ရက်နေ့ (၁၅:၀၀)နာရီအချိန်အတွင်း တင်ဒါများနောက်ဆုံးထား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၉-၄၂၀၀၄၀၀၅၇၊ ၀၉-၄၀၁၆၂၀၇၂၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**လေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးလေးရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၇)၊ အကျယ် (၂၀ x ၆၀) ပေရှိ မြေကွက်အရောင်းအဝယ်ပြုခြင်းအပေါ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား တရားဝင်လက်ဝယ်ရရှိပြီး ပိုင်ဆိုင်ကြောင်း ဦးခေါင်ထောင်း(ခ)ပက်ထရစ် [၁/မညန(နိုင်)၀၇၇၈၆၃]+ ဒေါ်ဇောင်းစေး [၁/မညန(နိုင်)၀၈၇၀၆၆] တို့မှ အရှုပ်အရှင်းပြဿနာကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏အမှုသည် ဒေါ်မျိုးဂျာဆိုင်းလွေ [၁/မကန(နိုင်)၁၉၆၁၂၁]၊ ဒေါ်ဂျာရိန်ပန် [၁/မကန(နိုင်)၂၂၆၆၀၄] တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဂျူလိုင်မင်းအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၅၆၂)**
**အမှတ် (၄၁၄)၊ ကာယသုခ (၂) လမ်း၊ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၈၅၀၀၃၃၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၅၇)၊ အိမ်အမှတ်(၅၄/၄)၊ မြေကွက်အကျယ်အဝန်း (၅၀ ပေ x ၈၀ ပေ) ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်။

အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အဦကို လက်ဝယ်ပိုင်ဆိုင်ရောင်းချသူ ဒေါ်ဝင့်ဝင့်ဌေး[၉/ရမသ (နိုင်)၀၈၄၅၆၁] နှင့် ဦးနေမင်းမောင်[၁၂/လမန(နိုင်)၁၄၂၁၄၇] တို့က တရားဝင်ရောင်းချ လွှဲပြောင်းခွင့်ရှိကြောင်း ကိုယ်တိုင်ဝန်ခံကတိပြု၍ ရောင်းချမည်ဟုကမ်းလှမ်းရာ ကျွန်ုပ်တို့ကဝယ်ယူရန် သဘောတူပြီး မြေကွက်နှင့် အဆောက်အဦတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤမြေကွက်နှင့် အဆောက်အဦ လွှဲပြောင်းဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးမျိုးမင်းကျော်** | **ဒေါ်မျိုးသန္တာကျော်** |
| **[၁၂/အလန(နိုင်)၀၄၅၇၉၇]** | **[၁၂/အလန(နိုင်)၀၄၅၈၆၃]** |
| **ဖုန်း-၀၉-၅၀၄၆၅၇၅** | **ဖုန်း-၀၉-၅၀၆၈၈၇၀** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂-X ၂၊ မြေကွက်အမှတ် V-၁၄၉၊ မြေကွက်တည်နေရာအမှတ် (၆၄)၊ (၆)လမ်း၊ (၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ် (၁) ဦးဝင်းမြင့် [၁၂/လမတ(နိုင်)၀၀၉၇၄၃]၊ (၂) ဒေါ်ခင်မြင့် [၁၂/လမတ(နိုင်)၀၀၉၇၅၀]၊ (၃) ဒေါ်သန်းသန်းထွေး [၁၂/လမတ(နိုင်)၀၀၉၇၀၉] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေကွက်ဖြစ်ပါသည်။ ယင်းမြေအား (၁) ဦးဝင်းမြင့်၊ (၂) ဒေါ်သန်းသန်းထွေးတို့မှ အမည်ပေါက်(၃)ဦးအနက် မိခင် ဒေါ်ခင်မြင့်သည် (၁၁-၁-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ ဖခင် ဦးအောင်ငြိမ်းသည် (၁၆-၇-၁၉၉၄) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ကျန်အမည်ပေါက် (၂)ဦးဖြစ်သူ ဦးဝင်းမြင့်နှင့် ဒေါ်သန်းသန်းထွေးတို့မှ မိခင်ဒေါ်ခင်မြင့်၏ အစုအတွက် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်ခင်မြင့်၏ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်နှင့် ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တင်ပြထားသည့်အိမ်ထောင်စုစာရင်းပါ မထွေး(ဘ)ဦးအောင်ငြိမ်းဟု ဖော်ပြပါရှိသဖြင့် အမွေဆိုင်ကျန်ရှိခြင်း ရှိ/မရှိ သိရှိနိုင်ရန်အတွက် အိမ်ထောင်စုစာရင်းကို အတည်ပြုပေးနိုင်ပါရန် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ တင်ပြခဲ့ရာ (၁၆-၇-၂၀၂၄) ရက်စွဲပါစာအမှတ်-၁၀၂/မ-၆(နငသ-၁၂) ၀၈၈၅၂/အမတ အရ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြန်ကြားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) (ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## SAKURA CONSTRUCTION GROUP COMPANY LIMITED ၏ အစုရှယ်ယာလျှော့ချကြောင်း ကြော်ငြာခြင်း

ကျွန်ုပ်တို့ SAKURA LOGISTIC & TRAVEL EXPRESS CO.,LTD ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်- ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၉၅-၂၀၃)ရှိ (Sakura Business Tower) တွင် ဖွင့်လှစ်ထားသော SAKURA LOGISTIC & TRAVEL EXPRESS CO.,LTD ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၅၅၈၄၃၄၂) သည် (၁၉.၀၈.၂၀၂၄) နေ့တွင် ကျင်းပသည့် ကုမ္ပဏီရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာ မတည်ငွေရင်း ငွေကျပ် (၁,၀၀၀,၀၀၀,၀၀၀) (ငွေကျပ်သိန်းတစ်သောင်းတိတိ) မှ ငွေကျပ် (၅၀,၀၀၀,၀၀၀) (ငွေကျပ်သိန်းငါးရာတိတိ) သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ**

## LIGHTING & EQUIPMENT (MYANMAR) COMPANY LIMITED
## NOTICE FOR THE MEMBER'S VOLUNTARY WINDING-UP UNDER SECTION 147(A)(2) OF INSOLVENCY LAW

At a Special General Meeting of the shareholder of the Company held at No. 19-L, Myintzu 2 Street, Between Kabaraye Pagoda Road and Waizayantar Road, Yankin Township, Yangon Region, Myanmar on 3rd October 2024, the following resolutions were passed as Special Resolutions:

Resolved :

1. that the Company be wound up voluntarily.
2. that U Papo Ganesan [B.A. (English), R.L.], Advocate (Registration No. 4647) of Khin Su Htay & Associates Legal and Tax Consultants Ltd., be and is hereby appointed Liquidator to conduct the said winding-up.

Therefore, I, the undersigned Liquidator of the above named Company have fixed 4th November 2024, as the day on or before which the creditors of the Company are to prove their debts or claims, failing which they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

| | |
|---|---|
| Mary Htun<br>Director | U Papo Ganesan<br>[B.A. (English), R. L.],<br>Advocate (Registration No. 4647)<br>Khin Su Htay & Associates Legal and Tax Consultants Ltd.<br>Liquidator<br>Building No.C1, Room No.005, Ground Floor, Hninnsi Street, Yuzana Highway Complex, Kamayut Township,Yangon, Myanmar<br>Email:papo@ytp.cm.mm<br>Tel: 09 420051071, 09 420140625 |

## အမည်ပြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ အမိ ဒေါ်ချယ်ရီသန်း (PBDN-၀၁၁၄၀၄)၏သား မောင်သန်းမြင့်စိုး အား မောင်ရှိုင်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/သပြေကုန်း၊ မြေကွက်အမှတ် (S-၂၂၈)၊ ဧရိယာ (၀.၂၂၉)ဧကရှိဒေါ်နန်းနှင်းနှင်းဖြူအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ပြည့်ပြည့်ဖြိုး (ဘ) ဦးအောင်မြင့်စိုး [၁၂/မရက(နိုင်)၁၃၉၂၉၆] မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၅)လမ်း-ဝဲ၊ အမှတ်(၆) ပေါ်တွင်တည်ဆောက်ထားသော (၂)ခန်းတွဲ၊ (၅)ထပ်တိုက်၏ (တတိယ)ထပ်၊ (၄) လွှာ၊ (B ခြေရင်းခြမ်း)၊ တိုက်မျက်နှာမူလျှင် (ဘယ်ဘက်)၊ ကန်ထရိုက်ဘက်အခြမ်း အကျယ်အဝန်း (၁၈' x ၅၅') တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည့် ဦးကျော်ဇေယျ [၁၂ /ဗတထ(နိုင်)၀၃၅၃၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြူကြူမြင့် [၉/မနမ(နိုင်)၁၀၉၅၆၂]က ဝယ်ယူရန်အတွက် (၂-၁၀-၂၀၂၄) နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် တိုက်ခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်ထား စာရွက်မူရင်းများကိုကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် တိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LL.B, W.I.P.O, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၄/၅)ရပ်ကွက်၊ (ရွှေပေါက်ကံ)၊ မင်းခေါင်လမ်း၊ အမှတ်(၃၄၃)ဟုခေါ်တွင်သော မြို့မြေတိုင်းရပ်ကွက်အမှတ်-၁၄ (ရွှေပေါက်ကံ)၊ မြေကွက်အမှတ်-၃၄၃၊ အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ဒေါ်သောင်းကြည်အမည်ပေါက် ဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီရီဝင်း [၁၂/ဗတထ(နိုင်)၀၀၄၅၂၆] နှင့် ဒေါ်ဖြူဖြူအောင် [၁၂/ဗတထ(နိုင်)၀၀၄၀၄၃] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီသောင်း [၁၂/ဥကတ(နိုင်)၁၀၃၄၈၈] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်မှုမရှိပါက အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဥမ္မာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၄၂)**
**အမှတ်-၁၆၃၊ ပထမထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၁၇၃၃၃**

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ



## ကုသိုလ်ပြုနိုင်ရေး နှိုးဆော်လွှာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် မေလခန့်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား ဆောင်ရွက်မည်ဖြစ်ပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ ကုသိုလ်ယူပါဝင် လှူဒါန်းနိုင်ပါရန်နှင့် ရွှေစင်ရွှေပြား(၁၀)လက်မပတ်လည် ရွှေ(၁)ကျပ်သား တစ်ချပ်လျှင် ကျပ်(၂၅)သိန်းဖြင့်လည်းကောင်း၊ ရွှေစင်ရွှေပြား(၁)ပေပတ်လည် ရွှေ(၆)ကျပ်သား တစ်ချပ်လျှင် ကျပ်(၁၅၀)သိန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖုန်း - ၀၁၈ - ၃၇၅၇၆၇၊ ၀၁၈ - ၃၈၃၅၁၂၊ ၀၁၈ - ၃၈၃၅၀၂





### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၁၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ အနော်မာ နောက်(၇)လမ်း၊ မြေကွက်အမှတ်-(၃၀၆-ခ)၊ ဧရိယာ အလျား(၂၀)ပေ x အနံ(၆၀)ပေရှိ အမည်ပေါက် ဒေါ်စိန်စိန် ပိုင်ဆိုင်သော နှစ်(၆၀) မြေငှားဂရန်ထဲမှ (လမ်းဘက်မှ မျက်နှာမူလျှင် ညာဘက်ခြမ်းရှိ) ဧရိယာ အလျား(၁၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ခွဲ အဆောက်အဦအပါအဝင် ရေမီးစုံပါဝင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို** ပိုင်ဆိုင်သည်ဟုအဆိုပြုပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဦးအောင်မိုး [၁၂/သကတ(နိုင်)၂၂၀၈၅၂]**က ဝန်ခံကတိပြု ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ **ဦးအောင်ဇော်ဦး[၁၂/သကတ(နိုင်)၂၂၁၈၉၀]** မှ ယင်းတန်ဖိုးဖြင့် ဝယ်ယူရန်အတွက် ယခုအခါ ရောင်းဖိုးငွေတစ်စိတ်ဒေသဖြစ်သော စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အဦ၏ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိလျှင် မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်ဇော်(LL.B)**
**အထက်တန်းရှေ့နေ( စဉ်-၅၅၇၈၂)**
**အမှတ်-၅၉၊ ဒုတိယထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၄၀၈၁၈၀၀၀**

### "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် (၁)၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ ဗိုလ်ချုပ်လမ်း နှင့် ဘုရင့်နောင် မြို့ပတ်လမ်းထောင့်၊ မြေကွက်အမှတ်- ၁၃၆ (က+ခ)၊ မြေအကျယ်အဝန်း (၂၇၃၅-စတုရန်းပေ) ရှိသော ဦးကျင်ဝင်းအမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ထိုမြေကွက်ကြီး၏ (ခြေရင်းခြမ်း)၊ (ဂရန်မူရင်းခြမ်း)၊ အလျား ( ၂၃/၂၈') x အနံ(၆၀/၆၁')ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးသိန်းဝင်း [၉/ညဥန (နိုင်)၁၃၇၈၁၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်ဝင်း [၁၂/စခန (နိုင်) ၀၃၃၂၉၀] က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ရွှေဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၉)**
**အမှတ် (၉/၁၁)၊ ၂၀၂ (E)၊ ဒုတိယလွှာ၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၁၀၂၂၃၂၅၊ ၀၉-၇၉၈၁၆၅၁၁၂**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (မြောက်) ရပ်ကွက်၊ သရက်တော (၁) လမ်း၊ အမှတ် (၃၁)၊ မြေညီထပ်၊ ခေါင်းရင်းခြမ်း (၁၂ ½x ၅၀)ပေ အကျယ်အဝန်းရှိ အမြင့် (၁၇) ပေ ထပ်ခိုးအပြည့်၊ အတွင်းလှေကားပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆိုင်ညီအစ်ကို မောင်နှမများဖြစ်သည့် (၁) ဦးအောင်ဌေး [၁၂/ကမတ(နိုင်) ၀၄၅၉၄၁]၊ (၂) ဦးအောင်မျိုး [၁၂/ကမတ (နိုင်)၀၀၀၅၇၇]၊ (၃) ဒေါ်သီတာမြင့် [၁၂/ကမတ(နိုင်)၀၀၂၇၈၄]၊ (၄) ဒေါ်တင်တင်ဝေ [၁၂/ကမတ(နိုင်)၀၆၁၂၉၁]** တို့သည် မိမိတို့လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်လင်းထွန်း (LL.B)** — **ဒေါ်နွယ်နီမေဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၆၂၇)** — **အထက်တန်းရှေ့နေ (စဉ် - ၂၇၂၉၇)**
**အမှတ် (၈၃)၊ အခန်း- ၁၄ (A)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၄၄၄၁၃၈၂၊ ၀၉-၇၉၅၅၉၇၀၂၈**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ် (၁၅၃၉)၊ အကျယ်အဝန်း(၄၀ x ၆၀) ပေရှိ ဒေါ်မေမြတ်ကျော် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသက် [၁၂/သဃက(နိုင်)၀၃၉၂၇၂]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဖြူသက် [၉/ မရတ(နိုင်)၀၃၈၆၆၁] က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

### အများသိစေရန်ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေအမှတ်-၈ ရပ်ကွက်၊ မြေတိုင်းအမှတ်-၅၊ ဗိုလ်တေဇလမ်း၊ နှစ် (၆၀) မြေငှားအမည်ပေါက် ဦးအေးဝင်း (ခ) ဦးအောင်ဝင်း ၊ မြေကွက်အမှတ် - ၂၄၉/ခ ဟုခေါ်တွင်သောမြေကွက် အလျား x အနံ (၂၀x၆၀)ပေရှိသော မြေကွက်အား ဦးအေးဝင်း (ခ) ဦးအောင်ဝင်း (C/RGN - ၀၀၉၇၅၉) ကိုင်ဆောင်သူမှ နှစ် (၆၀) မြေငှားဂရန်ပိုင်ဆိုင်ပြီး ဖခင်ဖြစ်သူ ကွယ်လွန်သွားသဖြင့် ဦးနေလင်းအောင် [၁၂/ပဇတ(နိုင်) ၀၂၉၄၉၇] မှ ပိုင်ဆိုင်ပြီး ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန္တာဦး [၈/ပခက (နိုင်) ၂၀၈၂၂၄]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ အပြည့်အဝကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၌ အရောင်းအဝယ်ပြုလုပ်ကြပြီး ငွေများအား အကျေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်ထားပြီးဖြစ်ပြီး ဒေါ်ခင်သန္တာဦး [၈/ပခက(နိုင်)၂၀၈၂၂၄] တစ်ဦးတည်းသာလျှင် လက်ရှိတရားဝင် ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝါဝါထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၀၅၂)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉-၄၅၀၃၂၂၇၆၆**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံ(ဒဂုံဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၆၂၅)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်သန်းသန်းမြင့်(S/OKA-058911)** [၁၂/ဥကတ(နိုင်)၁၄၀၇၁၄] အမည်ပေါက်သော မြေချပါမစ်မြေကွက်၊ အကျယ်အဝန်း(အလျား-၄၀ x အနံ-၆၀)ပေ အကျယ်အနက်မှ မခွဲစိတ်ရသေးသည့် မူလမြေကွက်ကြီး၏ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း (အလျား-၁၀ x အနံ- ၆၀)ပေ အကျယ်ရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံ(ဒဂုံဆိပ်ကမ်း)မြို့နယ်၊ (၆၉)ရပ်ကွက်၊ ဗလရာဇာလမ်း၊ အမှတ်(၆၂၅)ဟုခေါ်တွင်သော အကျိုးခံစားခွင့်အားအရပ်ကတိစာချုပ်၊ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ထူး[၁၂/သကတ(နိုင်)၁၉၁၆၉၃]က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မိုးမိုးထက်ဦး [၁၂/ခရန(နိုင်)၁၃၆၂၄၀]**နှင့် **ဦးဖုန်းဆင့် [၁၂/ခရန(နိုင်)၁၀၅၆၈၇]**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်ပြီး မြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်မိုးမိုးထက်ဦး**
**[၁၂/ခရန(နိုင်)၁၃၆၂၄၀]**
**ဦးဖုန်းဆင့်**
**[၁၂/ခရန(နိုင်)၁၀၅၆၈၇]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိစိုး(LL.B,D.B.L,D.I.L,D.I.P.L,D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၈)**
**အမှတ်(၃၁/A) မြေညီထပ်(B-1)၊ ကန်လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၈၆၃၈၈**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒံကျေးရွာအုပ်စု၊ အပြင်ပဒံရပ်ကွက်၊ လယ်သမားလမ်း၊ မြေကွက်အမှတ်(၅၂၇)၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၇)ဟု ခေါ်တွင်သော ဦးဂင့်ကပ်ထန် အမည်ဖြင့် မြေချပါမစ်ထွက်ရှိသော (၄၀x၆၀)ပေမြေကွက်အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ရှိထားပိုင်ဆိုင်သူ **ဦးစန်းလွင်ထူး** [၁၂/ကမရ(နိုင်)၁၄၈၃၂၃] ကိုင်ဆောင်ထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်အိအိအောင်** [၁၄/ဇလန(နိုင်)၁၁၈၀၆၈]က အပြီးအပိုင်လက်ရောက် ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါ ဝယ်ယူထားသည့် မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိပါက ယနေ့မှစ၍ (၁)လအတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမင်းထွန်း (LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၈၀)**
**ရုံးခန်း - အမှတ်(၃၉/က)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၀၄၈၇၂၆**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒံကျေးရွာအုပ်စု၊ အပြင်ပဒံရပ်ကွက်၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၉၉)၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၇)ဟု ခေါ်တွင်သော ဒေါ်ဝင်းရွှေ အမည်ဖြင့် မြေချပါမစ်ထွက်ရှိသော (၄၀x၆၀)ပေမြေကွက်အား အရပ်စာချုပ် အဆင့်ဆင့်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ရှိထားပိုင်ဆိုင်သူ **ဦးစိန်ဝင်း** [၁၂/လသယ(နိုင်)၀၁၅၂၅၆] ကိုင်ဆောင်ထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်အိအိအောင်** [၁၄/ဇလန(နိုင်) ၁၁၈၀၆၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁)လအတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အပြီးသတ်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမင်းထွန်း (LL.B, D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၈၀)**
**ရုံးခန်း - အမှတ်(၃၉/က)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။ ဖုန်း - ၀၉-၄၂၀၀၄၈၇၂၆**

First Private Bank

# (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက် အသိပေးကြေညာခြင်း

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ **(၃၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး** ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှင်များကို ကြိုတင်အသိပေးအပ်ပါသည်-

**အစည်းအဝေးကျင်းပမည့်ရက်** - **၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ( ၂၂)ရက် (တနင်္ဂနွေနေ့)**
**အစည်းအဝေးကျင်းပမည့်အချိန်** - **နံနက်(၉:၀၀)နာရီ**
**အစည်းအဝေးကျင်းပမည့်နေရာ** - **ရန်ကုန်စတော့ပ်အိတ်ချိန်း (YSX)**
**အစည်းအဝေးကျင်းပမည့်ပုံစံ** - **ZOOM online meeting**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ **(၃၃)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေး** သို့တက်ရောက်ရမည့် အစုရှယ်ယာများ နောက်ဆုံးဝယ်ယူရမည့်နေ့ (Last Date to Trade)မှာ (၂၅-၁၀-၂၀၂၄) ရက်ဖြစ်ပြီး ရန်ကုန်စတော့ပ်အိတ်ချိန်း (YSX) မှ Record Date (၃၀-၁၀-၂၀၂၄) ရက်ဖြင့် ပေးပို့သည့် အစုရှယ်ယာရှင်များစာရင်းကို အတည်ပြုသတ်မှတ်မည်ဖြစ်ပါသည်။ (၂၈-၁၀-၂၀၂၄) ရက် (Ex-date) မှ စတင်ဝယ်ယူမည့်အစုရှယ်ယာရှင်များသည် ယခုကျင်းပမည့်အစည်းအဝေးသို့ တက်ရောက်မဲပေးခွင့်မရှိပါကြောင်း အသိပေးအပ်ပါသည်။

အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့ ကိုယ်တိုင်မတက်ရောက်နိုင်ပါက လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ကိုယ်စား ဆန္ဒမဲပေးနိုင်ရန်အခြားသူတစ်ဦးဦးကို **ကိုယ်စားလှယ် (Proxy)** လွှဲအပ်ပေးရန်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်သည့်ပုံစံကို ရုံးချုပ်နှင့် ဘဏ်ခွဲများတွင်လည်းကောင်း၊ ရန်ကုန်စတော့ပ်အိတ်ချိန်း၏ Website https://ysx-mm.com နှင့် ပထမပုဂ္ဂလိကဘဏ် Website "www.firstprivatebank.com.mm" တို့တွင် ရယူနိုင်ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အထမြောက်အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တက်ရောက်ရမည့်အစုရှယ်ယာအရေအတွက်သည် အစုရှယ်ယာအားလုံး၏ (၃၀%)(Quorum)ပြည့်မီရန် လိုအပ်ပါသဖြင့် အစုရှယ်ယာရှင်များမှ Zoom online Meeting ဖြင့်ကိုယ်တိုင်တက်ရောက်ပေးပါရန်နှင့် ကိုယ်တိုင်မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာ(Proxy) မဖြစ်မနေ လွှဲအပ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ZOOM online System ဖြင့် ကိုယ်တိုင်တက်ရောက်လိုသူများအတွက် အသေးစိတ်အစီအစဉ်အား ထပ်မံကြေညာပေးပါမည်။

**ညွှန်ကြားချက်အရ**
**အတွင်းရေးမှူး**
**ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၄၄၇)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ၂၄၀၀ စတုရန်းပေရှိ **ဦးမြင့်စိုး** (SCG-၀၀၂၄၇၀) အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀x၆၀) ပေရှိ မြေကွက်အမှတ်(၄၄၈)နှင့် ကပ်လျက်ဘက်ခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးထွန်းဝင်း** [၁၂/ဥကတ(နိုင်)၀၂၆၃၁၀] မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးစန်းမြင့်** [၁၂/ဥကတ(နိုင်)၀၅၀၄၅၄] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**
**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## "ကန့်ကွက်နိုင်ပါကြောင်း"

## Forever (Purified Drinking Water)

ကျွန်တော်ဦးကိုကိုမျိုး မှတ်ပုံတင်အမှတ် [၇/ပခန(နိုင်)၂၁၈၇၅၇]သည် **Forever** ကုန်အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်များကို ထုတ်လုပ်သွားမည်ဖြစ်ပါသည်။ အမည်တူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကိုကိုမျိုး [၇/ပခန(နိုင်)၂၁၈၇၅၇]**
**အမှတ်(၈၇)၊ ၃-လွှာ၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၀၀၉၈၈၃**

## "အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူအောင် [၁၀/ဘလန(နိုင်)၀၈၀၉၁၉] အမှတ် (၁၄/၇)၊ ဒါဘာ၊ စံချိန်သစ်လမ်း၊ င/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ တင်ပြလွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

အထက်ပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို (၂၅-၈-၂၀၂၄) ရက်စွဲပါ "ညီအစ်မအချင်းချင်း မေတ္တာဖြင့် အပိုင်လွှဲပြောင်းပေးကမ်းခြင်း ကတိစာချုပ်" ဖြင့် အစ်မအရင်းဖြစ်သူ ဒေါ်ရီရီခိုင် [၁၀/ဘလန(နိုင်)၀၅၇၅၂၆] က ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူအောင်အား အပြီးအပိုင်လွှဲပြောင်းပေးအပ်ရာ ဒေါ်ကြူကြူအောင်တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ကြူကြူအောင်၏ တင်ပြလွှဲအပ်ချက်အရ -**

**ဒေါ်ထက်ထက်ဟန်**
**အထက်တန်းရှေ့နေ(စဉ်-၅၄၉၀၀)**
**အမှတ်-၁၂၉၉၊ ကြာပဒုမ္မာလမ်း၊ ၄၁-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၉၆၃၀၀၃၂၉၆**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါ(၃)လမ်း၊ အမှတ်(၂၂၉)၊ သုံးထပ်ခွဲတိုက်၏ တတိယထပ်(၄-လွှာ) (ခေါင်းရင်းခြမ်း) အလျား x အနံ (၁၂ ပေ x ၄၅ ပေ)ခန့် အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း၊ ယင်းနှင့်တွဲစပ်ကပ်လျက်ရှိသည့် ရေ၊ မီး၊ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ယင်းတိုက်ဆောက်လုပ်ထားသည့်မြေ (အလျားxအနံ) (၂၅ ပေ x ၅၀ ပေ) နှင့် ယင်းပေါ်တွင်ဆောက်လုပ်ထားသည့် တိုက်ခန်း(၁၀)ခန်း၏ မြေပိုင်ရှင်အခွင့်အရေးအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒေါ်ဌေးဌေးလွင် (DBN-၀၀၃၀၂၅)၊ ဒေါ်တင်တင်ထွေး[၁၂/ဒပန(နိုင်)၀၃၀၁၀၈] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးစန်း [၈/မမန(နိုင်)၁၃၉၉၉၇] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၊ မြေပိုင်ရှင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရပ်ထက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဦး၊ အထက်တန်းရှေ့နေ(စဉ်-၄၄၄၉၄)**
**အမှတ်-၂၄၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၁၆၀၆၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-၄၅၊ ၈-လွှာ(Hall Type)၊ (Pent House မပါဝင်ပါ) ဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ဝင်းမော် [၁၂/စခန(နိုင်)၀၀၀၆၀၇] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးအောင်နိုင် [၆/ပလန(နိုင်)၀၂၈၇၆၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B, D.B.L (စဉ်-၁၂၈၁၈/၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၁၁၀)၊ မြေအကျယ်အဝန်း(၄၅ပေ×၆၀ပေ)၊ ဧရိယာ(၀.၀၆၂)ဧက၊ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးအောင်မျိုးကျော် (၁၂/တမန(နိုင်)၁၀၅၄၅၆)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၅၄)
**ဒေါ်မေဇင်ဦး(LL.B)** — အထက်တန်းရှေ့နေ (စဉ် - ၃၉၅၈၁)
**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ် - ၅၃၃၄၄)
**ဦးတိုးဝေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ် - ၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ကျောင်းလမ်း၊ မြေကွက်အမှတ်(၅၆၆)၏ မြေအကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ဦးမြင့်ကြွယ်(AC-၀၁၂၃၂၃) အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသိန်းနိုင်ထွန်း[၁၂/ဒဂရ(နိုင်)၀၃၄၂၆၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတို့ဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** **(LL.B, D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** **(LL.B, D.B.L, D.I.L, WIPO Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ Star City (ကြယ်စင်အိမ်ရာ)၊ တိုက်အမှတ်(CL-5)၊ ဒုတိယထပ်၊ အခန်းအမှတ်(၂၀၈)၊ အကျယ်အဝန်း(၇၁၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ ပရိဘောဂများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုစာရွက်စာတမ်းများအရ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူများဖြစ်ကြသော ဒေါ်တင်တင်ဝင်း [၁၂/သလန(နိုင်)၀၇၃၂၇၂]၊ ဒေါ်ဟန်သီမာဦး[၁၂/ဒဂဆ(နိုင်)၀၃၀၆၆၄] နှင့် ဒေါ်ဟန်ရတနာထွေး[၁၂/ဒဂဆ(နိုင်)၀၃၀၆၆၅] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ခိုင် [၁၂/သလန(နိုင်)၀၂၇၄၄၇] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီးနောက် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းမြတ်ဆွေ(LL.B, D.I.P.L) အထက်တန်းရှေ့နေ(စဉ်-၅၀၁၀၃)**
**အမှတ်-၂/၁(မြေညီ)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၄၂၇၂၉၀၇၊ ၀၉-၉၆၀၆၆၀၆၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရတနာနင်းဆီ အဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(3B)၊ အခန်းအမှတ် (၀၈၀၈) အား မူလအမည်ပေါက် ဒေါ်အေးစိန်ဥ [၁၃/လရန(နိုင်)၂၀၃၆၇၁] ထံမှ ဒေါ်သူသူအောင် [၁၂/သကတ(နိုင်)၁၃၉၈၉၅] က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/A)၊ မြေကွက်အမှတ်(၃၂)၊ တောင်သူကုန်းရပ်ကွက်၊ တန်းမြင့်ကျောင်းလမ်း၊ အမှတ်-၃၇၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ဒွေးအမည်ပေါက်သော မြေပိုင်မြေကွက်၊ ဧရိယာ (၀.၃၆၅) ဧကအနက်မှ မခွဲစိတ်ရသေးသည့် မူလမြေကွက်ကြီး၏ အရှေ့ဘက်ခြမ်း၊ အကျယ်အဝန်းအလျား (အရှေ့-၃၂၊ အနောက်-၆၄ ပေ x အနံ-၉၃) ပေ အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အား မိသားစုစီမံမှုစာချုပ်/စာတမ်းများဖြင့် အမွေဆက်ခံပိုင်ဆိုင်လက်ရောက်ရရှိ ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁) ဦးစောအယ်ဆဲ[၁၂/အစန(နိုင်)၁၅၁၄၅၉]၊ (၂) ဦးစောအောင်အောင် [၁၂/အစန(နိုင်)၁၅၅၈၁၇]၊ (၃) ဦးစောဖြိုးဝေအောင်[၁၂/အစန(နိုင်)၁၉၀၉၆၀]၊ (၄) ဦးသုမွန်အောင်[၁၂/အစန(နိုင်)၂၁၁၈၈၃] တို့က ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစောမူးဂေးစိုး [၁၂/အစန(နိုင်)၁၅၆၇၇၅] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစောမူးဂေးစိုး**
**[၁၂/အစန(နိုင်)၁၅၆၇၇၅]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဖြူ(LL.B,D.B.L,D,M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၃၂)**
**အမှတ်(၅၁/၅၅၇)၊ နိဗ္ဗိန္ဒလမ်း၊ နံ့သာကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၆၁၈၄**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်...**

**❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## ရေကြီးရေလျှံမှုများကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်းရှိ ရထားလမ်းနှင့်တံတားများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး၍ လူစီးရထားများ ပြန်လည်ပြေးဆွဲ

**နေပြည်တော် အောက်တိုဘာ ၃**

တိုင်ဖွန်းမုန်တိုင်း "ရာဂီ"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ မန္တလေးတိုင်းဒေသကြီးတို့နှင့် ဆက်စပ်သည့် ရန်ကုန် - မန္တလေးရထားလမ်းမကြီး၏အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် ရန်ကုန်-မန္တလေး ရထားခရီးစဉ်များကို စက်တင်ဘာ ၁၁ ရက်မှစတင်၍ ယာယီရပ်နားထားခဲ့ရသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းနှင့်တံတားများပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်း အင်အား၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေး အစီအစဉ်တို့ဖြင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍**



သဲတောနှင့်သပြေတောင်းကြား ရထားလမ်းပြုပြင်ပြီးနေရာ၌ အမှတ် (၁၂) အစုန် ရထားဖြတ်သန်းနေစဉ်။


ယနေ့ ဖတ်စရာ

**အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားရှိ လက်နက် သိုလှောင်ရုံ ထိမှန်ပျက်စီး**

စာမျက်နှာ » ၁၃

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၁၅


## နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း၊ အပူပိုင်းတက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကာ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂**

## MNL ယူ-၂၀ ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်

**ရန်ကုန် အောက်တိုဘာ ၃**

၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇) ပထမနေ့ကို အောက်တိုဘာ ၃ ရက်က ကျင်းပရာ ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်ခဲ့သည်။

ဗဟန်း မြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် ဇယားထိပ်ပိုင်းတွင် အသင်းများအပြိုင် ဖြစ်နေသဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖**



ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။